ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)



# သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၃

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ်(၁)တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပျိုးပင်အားဦးဆောင်စိုက်ပျိုးပေးစဉ်။



## နေရာကွက်၍ မိုးကြီးမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

မိုး/ဇလ

## နိုင်ငံတော်အစိုးရအဖွဲ့အစီအစဉ်ဖြင့် တတိယအကြိမ်ပေးပို့သည့် စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာအိတ်များနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များ မြစ်ကြီးနားမြို့သို့ ထပ်မံရောက်ရှိ

စာမျက်နှာ ၈



မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် အကြီးမားဆုံးသော UMTA Travel Fair (UTF) 2026 ဖွင့်ပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။

## ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံ ဧက ၅၈၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိ

မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိဆည်တော်ကြီးရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံ ၅၈၇၀၅ ဧကကို ရေပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောသည်။

ဆည်တော်ကြီးရေလှောင်တမံမှ ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးစိုက်ဧကများအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ရေပေးဝေလျက်ရှိပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားသီးနှံ ၇၃၈၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် နွေစပါး ၅၄၄၉၅ ဧကနှင့် အခြားသီးနှံဧက ၄၂၁၀ စုစုပေါင်း ၅၈၇၀၅ ဧက စိုက်ပျိုးပြီးစီးကာ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✣



မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါးအတွက် ရေပေးဝေထားမှုကို တွေ့ရစဉ်။

## နိုင်ငံပေါင်း ၂၀ ကျော်ပါဝင်သည့် ခရီးသွားပြပွဲ ရန်ကုန်မြို့၌ နှစ်ရက်ကြာ ကျင်းပ

ရန်ကုန် ဇွန် ၁၃

နိုင်ငံပေါင်း ၂၀ ကျော်မှ ပြည်တွင်းပြည်ပ ပြခန်းပေါင်း ၇၀ ကျော် ပါဝင်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် အကြီးမားဆုံးသော UMTA Travel Fair (UTF) 2026 ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။

"ပြပွဲတွင် မြန်မာနိုင်ငံက ကုမ္ပဏီပေါင်း ၅၀ ကျော်ပါတယ်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍



## မွေးမြူရေးအထူးပြု ကျောင်းသား ကျောင်းသူများ တော်ဝင်စိုက်ပျိုးမွေးမြူရေးခြံသို့ ကွင်းဆင်းလေ့လာ

ကျောက်ပန်းတောင်း ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏စီစဉ်မှုဖြင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (လက်ပံပျား)မှ မွေးမြူရေးအထူးပြု ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအနီးရှိတော်ဝင်စိုက်ပျိုး မွေးမြူရေးခြံရှိ ဇီဝလုံခြုံမှုနည်းစနစ်ဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ စာမျက်နှာ ၅ ကော်လံ ၄ သို့ ❂

# လူမှုစီးပွားဘဝအဆင်ပြေစေမည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံကူးသန်းသွားလာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ မြန်မာ-ထိုင်း မြဝတီကုန်သွယ်ရေးစခန်း၊ မြန်မာ-တရုတ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-အိန္ဒိယ တမူးကုန်သွယ်ရေးစခန်းများသည် ကူးသန်းရောင်းဝယ်ကုန်သွယ်မှုတွင် အစဉ်အဆက်အရေးပါပြီး ကုန်စည်စီးဆင်းမှုများကောင်းမွန်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေများကို အကြောင်းပြု၍ ဒေသတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းမှုများဖြစ်ပေါ်ခဲ့ရာ ကုန်စည်စီးဆင်းမှုများ ရပ်တန့်ပြတ်တောက်ခြင်း၊ ကုန်ပစ္စည်းများရှားပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဆုံးရှုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုချောမွေ့စေရေးတို့အတွက် နယ်မြေဒေသလုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသည့် ကလေး-တမူး လမ်းကြောင်းကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့ခြင်းဖြစ်ပေါ်ခဲ့သည်။ အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူများက ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အနိုင်ကျင့်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်များအနေဖြင့် ကူးသန်းသွားလာခြင်းမပြုလုပ်ရဲတော့ဘဲ ကုန်စည်သယ်ယူပို့ဆောင်မှုများ နှောင့်နှေးရပ်တန့်၍ နယ်စပ်ကုန်သွယ်ရေးလျော့ကျလာပြီး ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန်များ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထု အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သည့် ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများသည် ကလေးမြို့နှင့် တမူးမြို့ဘက်မှ စစ်ကြောင်းခွဲကာ ချီတက်ရှင်းလင်းခြင်းကို ဟန်ချက်ညီညီဆောင်ရွက်ခဲ့ရာ မကြာမီတွင် ကလေး-တမူးလမ်းကြောင်းအားပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်တော့မည်ဟု သိရသည်။

တပ်မတော်စစ်ကြောင်းများသည် ကလေး-တမူးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားခဲ့သော မိုင်းများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် ဖျက်ဆီးခဲ့သော လမ်းတံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူအားလုံးကို ရှင်းလင်းတိုက်ဖျက်လျက်ရှိရာ အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ဂိတ်ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ယာယီထိန်းချုပ်ပြီး အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးပြုလုပ်နေရုံသာမက မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများပါ ပြုလုပ်လာကြသဖြင့် ပြင်းပြင်းထန်ထန်နှိမ်နင်းမှုများရှိသလို အိန္ဒိယနိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတိုင်းအတာတစ်ခုအထိ မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသများသည် တောတောင်ထူထပ်ပြီး သွားလာရေးခက်ခဲသောဒေသများဖြစ်သည်။ တပ်မတော်အနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ခက်ခဲကြမ်းတမ်းစွာဖြင့် စွန့်စွန့်စားစားဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်ရာ ကလေး-တမူး ကုန်သွယ်ရေးလမ်းကြောင်းသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ပြည်သူလူထုလူမှုစီးပွားဘဝတိုးတက်ရေးအတွက် အရေးပါသည့်လမ်းကြောင်းဖြစ်သည့်အပြင် အဆိုပါလမ်းကြောင်းမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်းကို ဖြတ်သန်းပြီး ထိုင်းနိုင်ငံအထိ ကုန်သွယ်မှုခရီးလမ်းကြောင်းပေါက်သဖြင့် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝအဆင်ပြေစေရေး၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် တမူးအပါအဝင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအားလုံးကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့်ပြည်သူလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အနော်ရထာစက်မှုဇုန်ရှိ Dishang Group ရုံးချုပ် Conference Room ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး တက်ရောက်အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူက ကလေးအလုပ်သမားခိုင်းစေခြင်းနှင့် စပ်လျဉ်းသည့်မူဝါဒနှင့် ဥပဒေအကြောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၃**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန် ပထမပတ်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) ဌာနမှူးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ကုမ္ပဏီများအတွက် အခွန်ဆိုင်ရာသိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အာကာ**

## မူခင်းကျူးဆင်းရေး အသိပညာပေးဟောပြော

**ဝါးခယ်မ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အထက(၁) ဒေါ်ပိုက်မိခန်းမ၌ ဇွန် ၁၁ ရက်က မူခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

**အခမဲ့ဖြန့်ဝေ**

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းညွှန့်က လူကုန်ကူးမှုခံရခြင်း သိကောင်းစရာများ၊ လူကုန်ကူးခံရခြင်းကြောင့်ဖြစ်ပေါ်လာမည့်အကျိုးဆက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အကျိုးဆက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မူခင်းကျူးဆင်းရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ပဲခူး ဇွန် ၁၃**

ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ဥာဏ်စမ်းပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲတို့ကို ယမန်နေ့နံနက်ပိုင်းက ပဲခူးခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမား လျော့နည်းစေရန် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးကြသည်။

ထို့နောက် အလက(မြို့တွင်းကြီး)ကျောင်းမှ ကျောင်းသားကျောင်းသူ ၃၀ တို့က ဥာဏ်စမ်းပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ဘိုကလေး ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲ ကျင်းပသည်။

လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲသို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သူ ကလောင်ရှင် "အလင်းနတ်သမီး"တို့ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်၊ ကလောင်ရှင် အလင်းနတ်သမီးတို့နှင့်အတူ သင်တန်းသားသင်တန်းသူ လေးဦးတို့က "လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် AI နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှု" စသည့် ခေါင်းစဉ်များဖြင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ AI နည်းပညာ၏ သဘောသဘာဝများ၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ၁၃ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ် ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယနေ့ နေပြည်တော်သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း ၅၄၈၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးညိုစော ကံ့ကော်ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ခရေပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**စနစ်တကျစိုက်ပျိုးပြုစု**

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်း အင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပြည့်စုံစွာရှိနေကြောင်း၊ အမျိုးအစားစုံလင်လှသည့် ဂေဟစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာ ထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေး လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်သာယာဝပြောမှုနှင့် ရာသီဥတု သမမျှတစေမှုတို့အတွက် ရေခံမြေခံအခြေခံကောင်းများဖြစ်ကြောင်း။

သစ်ပင် သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများအားလုံးရှင်သန်ရပ်တည်ရေး အတွက် အလွန်အရေးပါလှကြောင်း၊ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါး စသည့် သစ်တောထွက် ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင်စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ကုလသမဂ္ဂ စားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ဒသမ ၀၄ ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရပြီး သစ်တောပြုန်းတီးမှုများ လုံးဝရပ်တန့်သွားအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ အတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ ထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင် တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှု အဓိကအကြောင်းအရင်းများကို လေ့လာဆန်းစစ်ကြည့်မည် ဆိုပါက ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်း စသည့်အကြောင်းရင်းများကြောင့်ဖြစ်ကြောင်း အဆိုပါအချက်များကြောင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့ အမြောက်အမြား ပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လာကြရခြင်း ဖြစ်ကြောင်း။

နိုင်ငံတကာရာသီဥတုပြောင်းလဲမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့တချို့၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေးဖြစ်နိုင်ခြေ အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသည်ကို သိရကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးရွားပြင်းထန်လာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်မှာ ၄၄ ဒသမ ၉ ဒီဂရီ ဆဲလ်စီးယပ် ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီ ဆဲလ်စီးယပ်နှင့် အထက်ရှိနေသည်ကို တွေ့ရကြောင်း။

**အပူဆုံးနှစ်ဖြစ်လာနိုင်**

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့် ထိရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည်ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ပေါင်းစပ်သက်ရောက်လာသည်ကို ခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီး လောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့်ထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထား**

❖ **ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ ပေါင်းစပ်သက်ရောက်လာသည်ကို ခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်**

☆ စာမျက်နှာ ၃ မှ

ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုး ရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အပူပိုင်းဒေသ ၁၃ ခရိုင်အပါအဝင် အပူချိန်မြင့်မားသည့် မြေလတ်ဒေသ မြို့ကြီးများတွင် သစ်ပင်သစ်တော အလွန်ကျဲပါးခြောက်သွေ့ပြီး သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း နည်းပါးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေ့လာမှုများအရ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အပင်ပေါင်း သန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက နှစ်သိန်းကျော်နှင့် ညီမျှသည်ဟု တွက်ချက်သိရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်မျိုးစုံ ၂၆၇ သန်း ရှစ်သိန်းကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက တစ်သန်းခန့်နှင့် ညီမျှသည်ကို တွေ့ရကြောင်း၊ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုများ ရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် စိုက်ပျိုးပြုစုနိုင်ခဲ့မည် ဆိုပါက သစ်ပင်သစ်တော ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝတောများ ပျက်စီးပြုန်းတီးမှုမရှိစေရန်အတွက် သစ်တောများ စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု တိုးပွားလာပြီး ရာသီဥတုပြောင်းလဲမှုကို လျှော့ချထိန်းညှိနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် သစ်ပင်များ စိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ရန် အလွန်အရေးကြီးကြောင်း၊ ပျိုးသက် နှစ်နှစ်ရှိပြီး ပျိုးပင်အမြင့် နှစ်ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့် ပျိုးပင်များကို စိုက်ပျိုးကြရန်လည်း ထပ်မံမှာကြားလိုကြောင်း၊ **“မြေဆီစိုခိုက် သစ်ပင်စိုက်”**ဆိုသည့် ဆိုရိုးနှင့်အညီ ယခုကဲ့သို့ မုတ်သုံမိုး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ရွာသွန်းချိန်သည် မြေဆီလွှာများ စိုစွတ်ပျော့ပြောင်းလာပြီး ရေဓာတ် ပြည့်ဝလာသည့်အတွက် အပင်ငယ်များ လွယ်ကူစွာ အမြစ်တွယ်ပြီး ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံး အချိန်ဖြစ်ကြောင်း၊ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက် စိုက်ပျိုးသွားကြမည်ဆိုပါက အစိုဓာတ် လုံလုံလောက်လောက်ရရှိခြင်းကြောင့် ရှင်သန်ကြီးထွားမှုကောင်းပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကို အောင်မြင်စွာ ဖြတ်ကျော်ရှင်သန်နိုင်မည် ဖြစ်ကြောင်း။

သစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် ရေရှည်ဆောင်ရွက်ကြရမည့်လုပ်ငန်းများ ဖြစ်ခြင်းကြောင့် နှစ်စဉ် စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်စေရေး စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သစ်တောများသည် ရာသီဥတုကိုမျှတစေပြီး သဘာဝအရင်းအမြစ်များစွာကို ထိန်းသိမ်းနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို **“အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု”** အဖြစ် အလေးထားပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုပုံစံများဖြစ်သည့် ဇီဝစီးပွားရေး (Bio Economy)၊ အစိမ်းရောင်စီးပွားရေး (Green Economy)နှင့် စက်ဝန်းပုံစီးပွားရေး (Circular Economy)လုပ်ငန်းများကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် သစ်အချောထည်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးမှ ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့်ချည်နှင့် ဝါးကြိတ်သား ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးအခြေခံပရိဘောဂနှင့် ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာအောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ်တော သယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရည်မှန်းဖွဲ့စည်းလျက်ရှိရာတွင် ယနေ့အထိ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေ ၆၂ ခု နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**✧ နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်းဧက သုံးသောင်းကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်သွားမည်**

**✧ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိ**

နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်းဧက သုံးသောင်းကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်သွားမည် ဖြစ်ကြောင်း၊ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများနှင့် ကမ်းရိုးတန်း ဒေသများတွင် သစ်ပင်များ စိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

**“နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းကစပြီး ဒေသအသီးသီးနှင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးက သစ်ပင်စိုက်ပျိုးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန်အတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေးအတွက် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင် စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်-မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပန်းပွင့်သော သစ်မျိုးများဖြစ်ကြသည့် ကံ့ကော်၊ ခရေ၊ ပန်းမဲဇလီ၊ စိန်ပန်း၊ ပျဉ်းမ၊ ရတနာတန်းဝင် သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်သည့် ယင်းမာ၊ ဆီသပြေ၊ မအူ၊ မာလာလူးကား၊ ယမနေ၊ ရေတမာ စသည့် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✣ ဆည်တော်ကြီးမှ

အောင်ရေပေးဝေလျက်ရှိကြောင်း၊ မကြာမီ နွေစပါးများ ရိတ်သိမ်းကြတော့မည်ဖြစ်သည်။

“ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ် ဆည်တော်ကျေးရွာအနီးမှာရှိတဲ့ ဆည်တော်ကြီးရေလှောင်တမံက ဒေသခံတောင်သူတွေ ရာသီအလိုက် နွေစပါး၊ မိုးစပါးနဲ့ အခြားသီးနှံတွေ အချိန်မီ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ဖို့အတွက် နှစ်စဉ်စိုက်ပျိုးရေ လုံလုံလောက်လောက် ဖြန့်ဝေပေးနေတဲ့ ရေလှောင်တမံတစ်ခု ဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။

**စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

မိုးစပါးရေပေးရာသီမတိုင်မီ စိုက်ပျိုးရေကို လယ်ယာမြေများသို့ စနစ်တကျရောက်ရှိနိုင်ရေးအတွက် မြောင်းများပြုပြင်ခြင်း၊ မြောင်းအတွင်း ပိတ်ဆို့နေသော ချုံနွယ်၊ အမှိုက်နှင့် ဒိုက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ သဲနုန်းဆယ်ခြင်း၊ မြေသားမြောင်းပေါင်များ ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၇၄၅၉၄ ဧကအတွက် မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့သို့ စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်ကြီးမြို့၌ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၃**

၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက တောင်ကြီးမြို့ ရှောင်လမ်းဘေး နောင်တလုံကျေးရွာအနီး တောင်ကြီး(ထင်း)ကြိုးဝိုင်းအတွင်း၌ ကျင်းပရာ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ အမျိုးသမီးများနှင့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့် ဒေသသုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ဦးစားပေးဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားရှိမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ပေးအပ်**

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးကာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းနေအရွယ်ကလေးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မြိတ် ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ Polytechnic University (ကွန်ပျူတာမဟာဌာန)အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ Polytechnic University ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မိုးရာသီသစ်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး၊ သင်္ကန်း၊ မဟော်ဂနီ၊ ခရေ၊ ကုံကော်၊ ပိတောက်၊ စိန်ပန်းကြီး၊ မန်ဂျန်ရှားစသည့် သစ်မျိုးအပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ်းနားလမ်းတိုးချဲ့ဆောင်ရွက်မည့် အဆိုပြုပုံစံနှင့် ဆက်စပ်မြို့ကွက်သစ်ဖော်ဆောင်ရေး၊ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် ဆက်စပ်အဆောက်အအုံများ၊ ဆောင်ရွက်လျက်ရှိသည့် မြိတ်မြို့ရေပေးဝေရေးစီမံကိန်း၊ ထူးထူးတိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် ဥစားကြက် မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

# ပုသိမ်တက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ်ဝင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးမည့်သစ်ပင်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများထံသို့လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ပုသိမ်တက္ကသိုလ်မှ ဆရာဆရာမများထံသို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက အမျိုးသမီးရေးရာအဖွဲ့ဝင်များထံသို့လည်းကောင်း ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ကုံကော်၊ ခရေ၊ ပိတောက်၊ ငုရွှေဝါ၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ဂျန်ရှားအစရှိသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**



# စစ်တွေလေဆိပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**စစ်တွေ ဇွန် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်ခြံဝင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ကုံကော်၊ သစ်ပိတောက်၊ တမလန်း၊ ပျဉ်းကတိုးနှင့် ခရေပင်တို့ကို စိုက်ပျိုးပေးကာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်များက သတ်မှတ်နေရာများ၌ ပျိုးပင်များကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**စိုက်ပျိုးခဲ့**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကုံကော်၊ သစ်ပိတောက်၊ တမလန်း၊ ပျဉ်းကတိုး၊ ခရေ၊ ရေသင်းဝင်၊ အင်ကြင်းစသည့် ပျိုးပင်ပေါင်း ၂၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

**❂ မွေးမြူရေးအထူးပြုမှ**

ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထွန်းလင်း(လက်ထောက်ညွှန်ကြားရေးမှူး)ဦးဆောင်၍ သင်ကြားရေးဆရာ ဆရာမ သုံးဦး ကြီးကြပ်လိုက်ပါလာသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(လက်ပံပျား)မှ မွေးမြူရေးဘာသာရပ်အထူးပြု Grade–10၊ Grade–11၊ Grade–12 ကျောင်းသား ကျောင်းသူ ၂၅ ဦးတို့သည် ဆည်ပေါက်ကျေးရွာအနီး ဇီဝလုံခြုံမှု(Biosecurity)နည်းစနစ်ဖြင့် ဆောင်ရွက်နေသည့် တော်ဝင် စိုက်ပျိုး မွေးမြူရေးခြံသို့ ရောက်ရှိကြရာ၊ ခြံပိုင်ရှင် ဦးတော်ဝင်စည်သူနှင့် ခြံတာဝန်ခံ ဦးတောတို့က ဇီဝလုံခြုံမှုနည်းစနစ်ဖြင့် စိုက်ပျိုး မွေးမြူရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးခြံများအတွင်း ဝက်မွေးမြူရေးလုပ်ငန်း စနစ်တကျဆောင်ရွက်နေမှုအခြေအနေများနှင့် ဝက်သားပေါက်များ အမျိုးအစားခွဲဝေထားရှိမှု၊ ဝက်အစာကျွေးစနစ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းလင်းနှင့် ခြံပိုင်ရှင် ဦးတော်ဝင်စည်သူတို့က လိုက်လံရှင်းလင်းပြသကြပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ဆက်လက်၍ သတ်မှတ်မြေကွက်လပ်တွင် နေပြည်တော်မြက်မျိုး ၆၂၅ ပင်ကို ကျောင်းသား ကျောင်းသူများက အမှတ်တရစိုက်ပျိုးပေးကြပြီး မြို့နယ်ဦးစီးမှူးက ခြံပိုင်ရှင်ထံသို့ ပိုးသတ်ဆေးဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**

# မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ ဟန်ချက်ညီပေါင်းစုတည်ရှိရာ ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့ဆီသို့ ...

ရတနာ၊ နန္ဒာ

**(ယမန်နေ့မှအဆက်)**

သတိပြုမိသည့်အချက်မှာ Jile Temple သည် ဘာသာရေးအခန်းကဏ္ဍတစ်ခုသာမက ယဉ်ကျေးမှုနှင့် ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုအဖြစ်လည်း တည်ရှိနေခြင်းဖြစ်သည်။ ဆောင်းရာသီကာလတွင် နှင်းဖုံးလွှမ်းနေသည့်အလှအပနှင့် ရိုးရာဗုဒ္ဓဘာသာဗိသုကာပုံစံတို့ ပေါင်းစပ်သွားသဖြင့် အထူးသဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြင်ကွင်းတစ်ခုဖြစ်ကြောင်း တာဝန်ခံဆရာတော်က ရှင်းလင်းပြောကြားသည်။

ထို့အပြင် ကျောင်းဝင်းအတွင်း၌ စုန်မင်းဆက်ခေတ်မှ ကျောက်ထက်အက္ခရာရေးထိုးထားသော ဗုဒ္ဓဘာသာကျမ်းစာများကိုလည်း ထိန်းသိမ်းပြသထားပြီး ယင်းအရာများသည် တရုတ်နိုင်ငံ၏ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ကိုလေ့လာရာတွင် အလွန်အရေးပါသော အထောက်အထားများပင်ဖြစ်သည်။

Jile Temple တွင် ဘာသာရေးပွဲတော်များကို လဆန်း၊ လဆုတ်ရက်များအပြင် လစဉ်တိုင်း၏ ၈ ရက်၊ ၁၈ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပလေ့ရှိပြီး ဘုရားဖူးများနှင့် ဒေသခံယုံကြည်သူများအတွက် ဓမ္မဆိုင်ရာလှုပ်ရှားမှုများကို ပုံမှန်ပြုလုပ်ပေးလျက်ရှိသည်။ နေ့စဉ်ဖွင့်လှစ်ချိန်မှာ နံနက် ၈ နာရီမှ ညနေ ၃ နာရီခွဲအထိဖြစ်ကြောင်း သိရှိရသည်။ ဟာဘင်းမြို့၏ ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Jile Temple သည် ရိုးရာယဉ်ကျေးမှု၊ ဘာသာရေးယုံကြည်မှုနှင့် ခေတ်သစ်ခရီးသွားလုပ်ငန်းတို့ကို ပေါင်းစပ်ထားသည့် အရေးပါသောယဉ်ကျေးမှုအမွေအနှစ်နေရာတစ်ခုအဖြစ် သုံးသပ်ရသည်။

လေ့လာရေးခရီးစဉ်အတွင်း Huagong Zhiyun Technology Company သို့ ရောက်ရှိလေ့လာခွင့်ရရှိခဲ့သည်။ ယင်းလုပ်ငန်းစုကို ၁၉၇၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံ၏ လေဆာနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွင် ထိပ်ဆုံးအဆင့်ရပ်တည်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။ မော်တော်ကားထုတ်လုပ်ခြင်း၊ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းများတွင် ဦးဆောင်လျက်ရှိသည့်အပြင် HGTECH Laser Welding System ကို စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာသစ်အဖြစ် ဖော်ဆောင်လျက်ရှိသည်ကို မြင်တွေ့ရသည်။

စိုက်ပျိုးသီးနှံများအား ထိခိုက်မှုမရှိသည့် လေဆာနည်းပညာဖြင့် ပေါင်းပင်များကို အမြစ်အထိ လောင်ကျွမ်းစေရန် ရှင်းလင်းဖယ်ရှားနိုင်သည့် စနစ်ဖြစ်သည်။ အဆိုပါ လေဆာပေါင်းရှင်းစက်မှာ တစ်နာရီလျှင် ပေါင်းပင် ၃၂၀၀၀၀ အထိ ရှင်းလင်းပေးနိုင်ပြီး ဓာတုပေါင်းသတ်ဆေးများမလိုဘဲ မြေဆီလွှာကို ထိခိုက်မှုမရှိသည့် စနစ်တစ်ခုလည်းဖြစ်သည်။ ယင်းမှာ အနာဂတ် Smart Agriculture အတွက် အလားအလာကောင်းတစ်ရပ်ပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ဟာဘင်းနည်းပညာတက္ကသိုလ် သုတေသနဌာနနှင့် လုပ်ငန်းစုတို့ ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်ပြီး သီးနှံနှင့် ပေါင်းပင်များကို ၁၀ မီလီစက္ကန့်အတွင်း ခွဲခြားနိုင်ကာ တိကျမှု ၉၅ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပေါင်းရှင်းပေးကြောင်း လေ့လာခွင့်ရရှိခဲ့သည်။

လက်ရှိတွင် အဆိုပါနည်းပညာကို ယူနန်ပြည်နယ်နှင့် ဟေလုံကျန်းပြည်နယ်တို့ရှိ စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုလျက်ရှိကာ ယခုနှစ်အတွင်း အမြောက်အမြား စတင်ထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။ လက်ရှိတွင် ယူနန်ပြည်နယ်ရှိ ဆေးရွက်ကြီးစိုက်ခင်းများ၊ ဟေလုံကျန်းပြည်နယ်ရှိ ကောက်ပဲသီးနှံစိုက်ခင်းများနှင့် ရှန်တုံးပြည်နယ်တို့၌ စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း တစ်နှစ်လျှင် အစီးရေ ၂၀၀ ခန့် ထုတ်လုပ်နိုင်မည့်စက်ရုံကို တည်ဆောက်လည်ပတ်နိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ဟေလုံကျန်းပြည်နယ်အတွင်း တရုတ်နိုင်ငံ၏ ပထမဆုံးစီးပွားဖြစ် လေဆာပေါင်းသတ်စနစ် စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းပြသည်။

ထို့နောက် ဟာဘင်းမြို့ ဟေလုံကျန်းပြည်နယ်ရှိ Siberian Tiger Park သို့ ရောက်ရှိခဲ့ကြသည်။ ယင်းဥယျာဉ်မှာ စတုရန်းမီတာ ၁ ဒသမ ၄၄ သန်း ကျယ်ဝန်းသည့် ကမ္ဘာ့အကြီးဆုံး ဆိုက်ဘေးရီးယားကျားထိန်းသိမ်းမွေးမြူရေးစခန်းတစ်ခုဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် အဆိုပါဥယျာဉ်သည် ယနေ့အချိန်အထိ မျိုးရင်းစစ်ဆိုက်ဘေးရီးယားကျားအကောင်ရေ ၁၀၀၀ ကျော်ကို အောင်မြင်စွာမွေးမြူထိန်းသိမ်းနိုင်ခဲ့ပြီး ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများတွင်

> **ဟာဘင်းမြို့ရှိ Harbin Opera House သို့ လေ့လာခွင့်ရရှိခဲ့ရာ ခေတ်သစ်ဗိသုကာပညာ၏ အံ့မခန်းလက်ရာတစ်ခုအဖြစ် လေ့လာခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီစွာ ဒီဇိုင်းရေးဆွဲထားသည့် အဆိုပါအဆောက်အအုံသည် နိုင်ငံတကာဗိသုကာဆုများစွာ ရရှိထားရုံသာမက ဟာဘင်းမြို့၏ ယဉ်ကျေးမှုအမှတ်အသားတစ်ခုအဖြစ်လည်း ထင်ရှားလျက်ရှိသည်။ အဆောက်အအုံ၏ အပြင်ပိုင်းဒီဇိုင်းနှင့် အတွင်းပိုင်းအသံပိုင်းဆိုင်ရာ ဖန်တီးမှုများက ဗိသုကာပညာ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို အဆင့်မြင့်စွာပေါင်းစပ်ထားနိုင်ကြောင်းပြသနေပြီး မြို့တစ်မြို့၏ယဉ်ကျေးမှုအဆင့်အတန်းကိုဖော်ညွှန်း**

အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဥယျာဉ်အတွင်းတွင် ဆိုက်ဘေးရီးယားကျားများအပြင် ကျားဖြူ၊ နှင်းကျား၊ လိုင်ဂါး (Liger)၊ အာဖရိကခြင်္သေ့၊ လင်းစ်၊ ကျားသစ်နှင့် အနက်ရောင်ဂျာဂါတို့ကဲ့သို့ ရှားပါးသားရဲတိရစ္ဆာန်မျိုးစုံကိုလည်း ထိန်းသိမ်းပြသထားသည်။ အထူးသဖြင့် ခြင်္သေ့ဖခင်နှင့် ကျားမိခင်တို့မှ မွေးဖွားလာသည့် လိုင်ဂါးမျိုးစပ်သည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့် တိရစ္ဆာန်မျိုးဖြစ်ပြီး ခြင်္သေ့၏ဦးခေါင်းပုံသဏ္ဌာန်နှင့် ကျား၏ကိုယ်ခန္ဓာ ဖွဲ့စည်းပုံကို ပေါင်းစပ်ပိုင်ဆိုင်ထားကြောင်း သိရသည်။

Siberian Tiger Park ၏ ထူးခြားချက်တစ်ရပ်မှာ ဧည့်သည်များအား အထူးအကာအကွယ်ပြုလုပ်ထားသည့် ကားများဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ ကျားများလွတ်လပ်စွာကျက်စားနေသည့်နယ်မြေများအတွင်း ဘတ်စ်ကားများဖြင့် ဖြတ်သန်းသွားလာရခြင်းကြောင့် ၎င်းတို့၏သဘာဝအပြုအမူများကို အနီးကပ်လေ့လာခွင့်ရရှိခဲ့သည်။

ထို့ပြင် ဥယျာဉ်သည် သုတေသနလုပ်ငန်းများတွင်လည်း တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မျိုးရိုးဗီဇဆိုင်ရာ သုတေသနများ၊ ကျားငယ်များ၏အမူအကျင့်များကို AI နည်းပညာဖြင့် မှတ်တမ်းတင်လေ့လာခြင်းနှင့် မျက်နှာအသွင်အပြင်အပေါ်အခြေခံ၍ ကျားများ၏ အသက်အရွယ်ကိုခန့်မှန်းသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ရုရှားနိုင်ငံ သိပ္ပံအကယ်ဒမီနှင့်ပူးပေါင်း၍ ကျားများ၏ အိပ်စက်မှုပုံစံများကို လေ့လာသည့် သိပ္ပံနည်းကျစမ်းသပ်မှုများကိုလည်း အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ရာတွင် ရှားပါးတိရစ္ဆာန်မျိုးစုံကို ကိုယ်တိုင်မြင်တွေ့ခွင့်ရရှိခဲ့ရုံသာမက ၎င်းတို့၏ မျိုးစိတ်ထိန်းသိမ်းရေးအတွက် သိပ္ပံနည်းကျ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း လေ့လာခွင့်ရရှိခဲ့သည်။ ယင်းအတွေ့အကြုံများက သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းခြင်း၏အရေးပါမှုကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်စေခဲ့သည်။

မီဒီယာကဏ္ဍ လေ့လာရေးအနေဖြင့် Heilong-jiang Broadcasting Station (HLBS) သို့ သွားရောက်လေ့လာခဲ့ရာ ဟေလုံကျန်းပြည်နယ်၏ အဓိကနိုင်ငံပိုင်မီဒီယာ ကွန်ရက်တစ်ခုအဖြစ် ဒေသတွင်းနှင့် နိုင်ငံတကာသတင်းအချက်အလက်များကို ထိရောက်စွာဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားစနစ်များမှ အင်တာနက်၊ မိုဘိုင်းအက်ပလီကေးရှင်းများနှင့် လူမှုကွန်ရက်ပလက်ဖောင်းများကို ပေါင်းစပ်အသုံးပြုသည့် Omni-media စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုများမှာ ခေတ်မီ မီဒီယာဖွံ့ဖြိုးတိုးတက်မှု၏ ထင်ရှားသောပုံရိပ်တစ်ရပ်ဖြစ်သည်။

ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသဆိုင်ရာ အားသာချက်ကိုအသုံးချ၍ ရုရှားဘာသာစကားဖြင့် ထုတ်လွှင့်မှုများပြုလုပ်နေခြင်းသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာဆက်သွယ်မှုများကို မြှင့်တင်ပေးလျက်ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ ယင်းကဲ့သို့ မီဒီယာနည်းပညာနှင့် သတင်းဖြန့်ဝေမှုပုံစံများ ပြောင်းလဲလာမှုသည် သတင်းမီဒီယာများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အတွေ့အကြုံတစ်ရပ်ဖြစ်ခဲ့သည်။

ခရီးစဉ်အတွင်း လေ့လာရေးအဖွဲ့များက Harbin Ice and Snow World သို့ သွားရောက်လေ့လာရာ ရေခဲနှင့်နှင်းတို့ကိုအခြေခံ၍ ဖန်တီးထားသည့် ထူးခြားသောအနုပညာကမ္ဘာတစ်ခုကို မြင်တွေ့ခွင့်ရရှိခဲ့ခြင်းပင်ဖြစ်သည်။ Songhua မြစ်မှ ရယူထားသော ရေခဲတုံးများကို အဆင့်မြင့်နည်းပညာများ၊ လေဆာထုဆစ်မှုများနှင့် အလင်းရောင်ဒီဇိုင်းများဖြင့် ပေါင်းစပ်ဖန်တီးထားသည့် လက်ရာများသည် လူသားတို့၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနုပညာစွမ်းရည်ကို ထင်ဟပ်ပြသနေသည်။ ရေခဲနှင့် ဖန်တီးတည်ဆောက်ထားသည့် အဆောက်အအုံများ၊ ရုပ်တုများမှာ သဘာဝအရင်းအမြစ်များကို ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် အကျိုးရှိစွာအသုံးချထားသည့် နမူနာကောင်းတစ်ရပ်ဖြစ်ကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့အတူ ဟာဘင်းမြို့ရှိ Harbin Opera House သို့ လေ့လာခွင့်ရရှိခဲ့ရာ ခေတ်သစ်ဗိသုကာပညာ၏ အံ့မခန်းလက်ရာတစ်ခုအဖြစ် လေ့လာခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီစွာ ဒီဇိုင်းရေးဆွဲထားသည့် အဆိုပါအဆောက်အအုံသည် နိုင်ငံတကာဗိသုကာဆုများစွာ ရရှိထားရုံသာမက ဟာဘင်းမြို့၏ ယဉ်ကျေးမှုအမှတ်အသားတစ်ခုအဖြစ်လည်း ထင်ရှားလျက်ရှိသည်။ အဆောက်အအုံ၏ အပြင်ပိုင်းဒီဇိုင်းနှင့် အတွင်းပိုင်းအသံပိုင်းဆိုင်ရာ ဖန်တီးမှုများက ဗိသုကာပညာ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို အဆင့်မြင့်စွာပေါင်းစပ်ထားနိုင်ကြောင်းပြသနေပြီး မြို့တစ်မြို့၏ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းပေးသည့်အရေးပါသော Land-mark တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ထို့နောက် ကမ္ဘာကျော် Harbin Institute of Technology (HIT) သို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ရာ တရုတ်နိုင်ငံ၏ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ခြင်းပင်ဖြစ်သည်။ Space Museum အတွင်း ပြသထားသည့်ဒုံးပျံများ၊ ဂြိုဟ်တုများ၊ အာကာသအင်ဂျင်များ၊ အာကာသဝတ်စုံများနှင့်လကမ္ဘာစူးစမ်းလေ့လာရေးစီမံကိန်းများက တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာစွမ်းရည်တိုးတက်မှုကို ထင်ဟပ်ပြသနေသည်။ အထူးသဖြင့် Shenzhou-V လူလိုက်ပါ အာကာသယာဉ်နှင့် Chang'e စီမံကိန်းဆိုင်ရာ ပြသမှုများသည် လူသားတို့၏ အာကာသစူးစမ်းလိုစိတ်၊ သိပ္ပံနည်းပညာတိုးတက်မှုနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်းများ၏ အရေးပါမှုကို ပိုမိုသိမြင်ခွင့်ရရှိခြင်းပင်ဖြစ်သည်။

ခရီးစဉ်၏ နောက်ဆုံးလေ့လာရေးအစီအစဉ်အဖြစ် Aijian Community သို့ သွားရောက်ခဲ့ရာ ခေတ်မီမြို့ပြစီမံခန့်ခွဲမှုစနစ်များကို လေ့လာခွင့်ရရှိခဲ့သည်။ One Stop Service စနစ်ဖြင့် လူမှုဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် အခြားပြည်သူ့ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ပေါင်းစပ်ဆောင်ရွက်ပေးနေမှုများမှာ ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးကျေးဇူးများကို ထိရောက်စွာအသုံးချထားသည့် နမူနာကောင်းတစ်ရပ်ဖြစ်သည်။ Smart Community စနစ်များမှတစ်ဆင့် လူနေမှုဆိုင်ရာအချက်အလက်များ စီမံခန့်ခွဲခြင်း၊ လုံခြုံရေးစောင့်ကြည့်ခြင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနေမှုများက ခေတ်မီမြို့ပြအုပ်ချုပ်ရေးစနစ်၏ ထိရောက်မှုကို ထင်ရှားစွာဖော်ပြနေသည်။

ယခု ဟေလုံကျန်းပြည်နယ် လေ့လာရေးခရီးစဉ်အတွင်း မီဒီယာ၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လူမှုဝန်ဆောင်မှုကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများကို လက်တွေ့ကျကျ လေ့လာခွင့်ရရှိခဲ့သည်။ ခရီးစဉ်တစ်လျှောက် တွေ့မြင်ခဲ့ရသည့် အောင်မြင်မှုများသည် တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်စေသည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးတွင် မီဒီယာများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်းကိုလည်း ပိုမိုသဘောပေါက်စေခဲ့သည်။

ခရီးစဉ်အတွင်း ဟေလုံကျန်းပြည်နယ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အပြန်အလှန်ဆက်သွယ်မှုများ၊ စက်မှုလုပ်ငန်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ခရီးသွားလာရေးဆိုင်ရာနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယခုခရီးစဉ်မှရရှိခဲ့သော အတွေ့အကြုံများနှင့် ဗဟုသုတများသည် မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများအကြား၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်မိပါတော့သည်။ ။



# ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပဲခူး ဇွန် ၁၃

၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟံသာဝတီ ဗုဒ္ဓဂါယာ(ရွှေဂူကြီး)ဘုရားဝင်းအတွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ပိတောက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ မည်စည်၊ ပျဉ်းမနှင့် မဟော်ဂနီ ပျိုးပင်စုစုပေါင်း ၁၅၀၀ အား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရေပြင်ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇေယျာသီရိ မြို့နယ် နရဘန်ချောင်းအား သက်နှင်းအင်းကျေးရွာမှ ပေါင်းလောင်းတမံ သွားသည့်လမ်းအထိ ချောင်းချဲ့ထွင် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ကျည်တောင် ကျေးရွာအုပ်စု ပေါင်းလောင်းမြစ်အနီး၌ ကျင်းပသည့် ရေပြင်ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးကာ ဇေယျာသီရိ မြို့နယ် သာယာဝှမ်းကျေးရွာရှိ ကျည်တောင် ဝက်မွေးမြူရေးခြံ၌ ဝက်မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ဇီးကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ဇီးကုန်း ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အထက (လေးမျက်နှာ)၌ ကျင်းပသည်။

ဦးစွာ အထက(လေးမျက်နှာ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းတိုးအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

ဆက်လက်၍ Grade-11 မှ မခြူးရတီစိုးက "လူငယ်နှင့်စာရိတ္တ"၊ Grade-10 မှ မနှင်းသက်ဝေက "လူငယ်နှင့်စာဖတ်ခြင်း"၊ Grade-11 မှ မောင်စိုင်းလင်းထက်က "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ မငြိမ်းဆုဝေက "လူငယ်နှင့်အားကစား" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၆ ခုနှစ် (ပထမအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်တွင်းကြီး ဇွန် ၁၃

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့ ကံကြီးကုန်းကျေးရွာအုပ်စု ပရပ်ကြယ်ကျေးရွာ တိုက်နယ်ဆေးရုံဝင်း အတွင်း၌ (ပထမအကြိမ်) မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**စုပေါင်းစိုက်ပျိုး**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကား ပြောကြားပြီး တောင်တွင်းကြီး မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးမြင့်သန်းကိုတို့က တက်ရောက်လာသော ဌာနဆိုင်ရာများထံသို့ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် တမာပင် ၁၀၀၊ ကုက္ကိုလ်ပင် ၅၀၊ ဆီသပြေပင် ၅၀၊ ယင်းမာပင် ၁၀၀၊ ဖျောက်ဆိတ်ပင် ၅၀၊ ပန်းမယ်ဇလီပင် ၁၀၀၊ စိန်ပန်းပြာပင် ၅၀ စသည့် ပျိုးပင်ပေါင်း ၅၀၀ ကို ဆေးရုံဝင်းအတွင်း စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

# ပြည်မြို့နယ်၌ ခရိုင်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြည် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အောင်တော်မူ(ဒွေး)ကျောင်း၌ ခရိုင်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၃၅၇ ဦးဖြင့် ကံ့ကော် ၁၀၀ပင်၊ ခရေ ၁၀၀၊ ပိတောက် ၁၀၀၊ မဟော်ဂနီ ၁၈၀၊ မည်စည် ၅၀၊ မဲဇလီ ၁၀၀၊ ယူကလစ် ၈၀၊ မန်ဂျန်ရှား ၂၀၀၊ မန်ကျည်း ၁၃၀၊ ရေတမာ ၁၅၀ စုစုပေါင်းပျိုးပင် ၁၁၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**



○ နိုင်ငံပေါင်း ၂၀ မှ

နိုင်ငံခြားကုမ္ပဏီတွေကတော့Tourism Booth တွေက မလေးရှား၊ နီပေါ၊Travel အေဂျင်စီကတော့ ပြင်သစ်၊ စလိုဗက်ကီးယား၊ ရိုမေးနီးယား၊ စပိန်၊ မလေးရှား၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံပေါင်း ၂၀ ကနေ ခရီးသွားအေဂျင်စီတွေ၊ Tour operator တွေ လာရောက်ပြသတာဖြစ်ပါတယ်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်က ပြောသည်။

အဆိုပါပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများအကြား ချိတ်ဆက်မှုများ တိုးမြှင့်စေရန်၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုတိုးမြှင့်စေရန်နှင့် နိုင်ငံတကာခရီးသွားဈေးကွက်များနှင့် ပိုမိုချိတ်ဆက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**MT**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး



ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးအရာရှိ ဦးဆန်းဦး ကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်သားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက(၂)၌ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရုံး လဝကမှူး ဦးချစ်စိန် ဦးဆောင်သော ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် နိုင်-၃ (က)နှင့် အသက် (၁၈)နှစ်ပြည့် နိုင်-၆ (က) နှင့် UID ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တတိယအကြိမ်ပေးပို့သည့် စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာအိတ်များနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များ မြစ်ကြီးနားမြို့သို့ ထပ်မံရောက်ရှိ



မြစ်ကြီးနား ဇွန် ၁၃

မန္တလေး-ထီးချိုင့်-ကသာ-မိုးညှင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပေးပို့ခဲ့သည့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာအိတ်များနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တတိယအကြိမ်အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည်။

အဆိုပါပစ္စည်းများကို ပြည်နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး ယူရီးယား ဓာတ်မြေသြဇာအိတ်များအား စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ(မြစ်ကြီးနားမြို့) ကျောင်းဝင်းအတွင်းရှိ ဂိုဒေါင်သို့ လည်းကောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူအိတ်များအား ပြည်နယ်အားကစားကွင်းအတွင်း မိုးလုံလေလုံ အားကစားခန်းမသို့ လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ဗလာစာအုပ်များအား ခရိုင်ပညာရေးမှူးရုံးသို့ လည်းကောင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကူညီသယ်ဆောင်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ ကူညီဆောင်ရွက်ပေးသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ အဆိုပါ ယာဉ်တန်းတွင် ပါဝင်လာခဲ့သည့် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသော တိုင်းရင်းသားဘာသာပုံပြ၊ ပုံပြင်စာအုပ်ထုပ်များကိုလည်း မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသို့ ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက စစ်ဆေးလက်ခံပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မိုင်းရယ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

မိုင်းရယ် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက နားခိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

မိုင်းရယ်မြို့နယ် လဝကရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင် ဦးဆောင်သည့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် နားခိုကျေးရွာအုပ်စုရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ "ပညာရေးဖြင့်နိုင်ငံ အနာဂတ်ဖော်ဆောင်စို့"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုစတင်ရာ စေ့စပ်ညှိနှိုင်းသူများအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ် လူမှုရေးရာဘာသာရပ်များဌာန ပါမောက္ခ ဒေါ်တင်တင်ဝင်းတို့က ဆောင်ရွက်ခဲ့ကြပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများနှင့် သိပ္ပံဘာသာရပ်များဌာန ပါမောက္ခ ဒေါ်စန္ဒာကျော်တို့က ပညာရေး၏ အရေးပါမှု၊ လူငယ်များအတွက်အခွင့်အလမ်းများ၊ စာကြည့်တိုက်နှင့် အသိပညာအရင်းအမြစ်များ၏ အရေးပါမှု၊ မိဘနှင့် လူမှုအသိုင်းအဝိုင်း၏ ပံ့ပိုးမှုများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရပ်စောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရပ်စောက် ဇွန် ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၁၁ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၂၀၀ အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မှော်ဘီ ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မှော်ဘီအုပ်ချုပ်မှုသင်တန်းကျောင်း၌ သင်တန်းသား ၃၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဇွန် ၁၁ ရက်က ပြုလုပ်သည်။

ဦးစွာ မှော်ဘီယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ ဒုရဲမှူးအောင်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် ပတ်သက်၍ လိုက်နာရန်နှင့် ရှောင်ကျဉ်ရန်အချက်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ယာဉ်ထိန်းတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

## ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ မုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေး

ညောင်တုန်း ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ မုန့်ဈေးတန်းများအား ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ စာသင်ကျောင်း မုန့်ဈေးတန်းများတွင် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကိုသာ ရောင်းချရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပပြုလုပ်



မြစ်ကြီးနားမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ပြည်နယ်(ပြန်/ဆက်)



သီပေါမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



မင်းလှမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ပေါက်စ(မင်းလှ)



မိုးညိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ကိုမင်း(ပြန်/ဆက်)



လေးမျက်နှာမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



အင်္ဂပူမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မန်းကျော်(ပြန်/ဆက်)



ကြံခင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ဖြိုးဝေလင်း(ပြန်/ဆက်)



ရေကြည်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



အောင်လံမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
အာကာ(ပြန်/ဆက်)



မင်းတုန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ချင်းကလေး(NRDC)



ပျဉ်းမနားမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



မင်းဘူးမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
မောင်မောင်(မင်းဘူး)



ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ဖုန်းကျော်ဇင်(ပြန်/ဆက်)



နတ်တလင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ဝေယံဖြိုး(ပြန်/ဆက်)



သာယာဝတီမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ကျောက်ဆည်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



သုံးခွမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
စည်သူလင်း(ပြန်/ဆက်)



မိတ္ထီလာခရိုင်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ချမ်းသာ(မိတ္ထီလာ)

## လေယာဉ်လက်မှတ်ခနှုန်းထားများ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၃

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့သည့် agent အမည်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထားစသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့်မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

သတင်းစဉ်



## လမ်းမတော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၁၃

လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လမ်းမတော်မြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသား စိစစ်ရေးကတ် မပြုလုပ်ရသေးသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောက်တံတားခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်း မြတ်ကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီသွယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## မြန်မာ့သစ်သီးဝလံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်



ရန်ကုန် ဇွန် ၁၃

မြန်မာ့သစ်သီးဝလံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီးပွားရေး ပူးပေါင်းချိတ်ဆက်ရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်သူနှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ ဇွန် ၉ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့သည်။

၎င်းတို့သည် ယူနန်စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ စည်းဝေးကာ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြပြီး (10th China-South Asia Expo) နှင့် (30th Kunming Import & Export Fair) သို့တက်ရောက်၍ စီးပွားရေး မိတ်ဖက်အသစ်များနှင့် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သည့်အပြင် အသင်းဝင် ကုမ္ပဏီတစ်ခု၏ မြန်မာဝဥများ တရုတ်ပြည်သို့ တင်ပို့ရေး အထွေထွေပူးပေါင်း ဆောင်ရွက်မှု MoU လက်မှတ်ရေးထိုးခြင်းကိုလည်း ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ယူနန်ပြည်နယ်ရှိ သစ်သီးဝလံ ကုန်သည်များနှင့် တွေ့ဆုံကာ အပြန်အလှန်ရင်းနှီး မြှုပ်နှံမှုနှင့် ကုန်သွယ်မှု လမ်းကြောင်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဈေးကွက် လေ့လာရေးနှင့် ဆက်ဆံရေး မြှင့်တင်မှုများအဖြစ် ကူမင်းမြို့ရှိ သစ်သီးလက်ကားဈေးကြီးများသို့ သွားရောက်ကာ မိတ်ဟောင်း မိတ်သစ်ကုန်သည်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့ပြင် ဈေးကွက်အခြေအနေများကို ဖလှယ်ခဲ့ပြီး အဆင့်မြင့်နည်းပညာသုံး သစ်သီးလက်ကားဈေးသစ်ကြီးသို့လည်း သွားရောက်လေ့လာခဲ့ကာ မြန်မာ့သစ်သီးဝလံများ အရည်အသွေးမြင့်မားစွာ နေရာရရှိရေးအတွက် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

MT



## သန်လျင်မြို့နယ်၌ ကလေးအလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

သန်လျင် ဇွန် ၁၃

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၁၀ ရက်က သန်လျင်မြို့နယ် သီလဝါလမ်းမကြီးအနီးရှိ ရွှေစကားအထည်ချုပ်စက်ရုံ၌ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဦးစွာ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သန်လျင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီရိကျော်နှင့် ဦးစီးအရာရှိ ဒေါ်အိအိချို တို့က ကလေးအလုပ်သမားအဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း အဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းတရားများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အသိပညာပေး ဆွေးနွေးခဲ့ကြပြီး စက်ရုံဝန်ထမ်းများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ စက်ရုံဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## သာကေတမြို့နယ်၌ အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေး ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သာကေတ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်းက သင်တန်းဖွင့် နှုတ်ခွန်းဆက်စကားပြောကြား ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ရီရီစန်း



က တိုင်းရင်းဆေးပညာ ရက်တိုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ နှင့် တိုင်းရင်းဆေးပညာ၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသော တိုင်းရင်းဆေးဖက်ဝင် အပင် များနှင့် ဆေးဝါးပြခန်းများကို တက်ရောက်လာသူများက လေ့လာ ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ညောင်လေးပင်မြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ



ညောင်လေးပင် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဒေါက်တာဘသန်းရေကန်အတွင်း၌ ကျင်းပသည်။

ဦးစွာ ညောင်လေးပင်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကိုကိုငွေးနှင့်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်နှင့် သဘာဝ ဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရေကြီးနစ်မြုပ်မှုကြောင့် ပိတ်မိနေသူများကို အသက်ကယ်ကြိုးများ အသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ထုတ်နည်းစနစ်များနှင့် ရေဘေးအန္တရာယ်ကြုံတွေ့လာပါက ကူညီဆောင်ရွက်ရမည့်နည်းလမ်း များကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)

## တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေး

တာချီလိတ် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ဇွန် ၈ ရက်က ဖန်မင်ကျေးရွာအုပ်စု အထက(ခွဲ) မယ်ဟုတ်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆ ဦးအား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ် ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းအောင်နှင့် တာဝန် ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ကျော်ဇေယျာလင်း

ပညာရွှေအိုး လူမခိုး ¦ ပညာရဲရင့် ပွဲလယ်တင့်

# မသန်စွမ်းမှုသည် ဟာသမဟုတ်ပါ မသန်စွမ်းသူ၏ လူသားဂုဏ်သိက္ခာကို လေးစားပါ

## ဆက်လက်ဝဲ (MDevS)

ကမ္ဘာဦးအစ လူသားတို့သမိုင်းတစ်လျှောက်တွင် ကာယ၊ ဉာဏစွမ်းရည်ချင်း မတူညီကြသော်လည်း မွေးရာပါလူသားဂုဏ်သိက္ခာနှင့် အခွင့်အရေးများမှာမူ တန်းတူညီမျှရှိကြသည်ဟူသော အမှန်တရားကို ခေတ်မီကမ္ဘာကြီးက လက်ခံကျင့်သုံးလျက်ရှိပါသည်။

သို့သော်လည်း ကမ္ဘာ့လူဦးရေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မသန်စွမ်းသူများသည် ယနေ့ထက်တိုင် လူ့အဖွဲ့အစည်းအချို့တွင် ကာယပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများအပြင် လူသားတို့၏ ခွဲခြားဆက်ဆံမှု၊ နှိမ့်ချဆက်ဆံမှုနှင့် လှောင်ပြောင်သရော်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် အနုပညာဖန်တီးမှုအချို့နှင့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မသန်စွမ်းမှုကို ရယ်စရာအဖြစ် သရုပ်ဆောင်ပြခြင်း၊ လှောင်ပြောင်ခြင်းတို့သည် ယဉ်ကျေးသောအဖွဲ့အစည်းတစ်ခုအတွက် လွန်စွာရင်နာဖွယ်ကောင်းသော၊ လူ့အခွင့်အရေးဆိုင်ရာ ဆုတ်ယုတ်မှုတစ်ခုအဖြစ် မြင်တွေ့နေရပါသည်။

**ဘာသာတရားအဆုံးအမများ**

ကမ္ဘာ့ဘာသာကြီး အသီးသီးတွင် လူလူချင်း အထင်အမြင်သေး နှိမ့်ချဆက်ဆံမှုမပြုရန်၊ ကိုယ်ချင်းစာတရားထားရှိရန်နှင့် မေတ္တာတရားကိုအရင်းခံရန် ပြဋ္ဌာန်းထားသော အဆုံးအမများရှိပါသည်။ မြန်မာနိုင်ငံတွင် အများစုက ဗုဒ္ဓဘာသာကိုးကွယ်ကြ၍ ဦးစွာဗုဒ္ဓဘာသာ၏ အဆုံးအမကို ဖော်ပြလိုပါသည်။ ဗုဒ္ဓမြတ်စွာဘုရားက အနိဋ္ဌာရုံကို ရှောင်ကြဉ်ခြင်းနှင့်ပတ်သက်၍ "မိမိကိုယ်ကို ချစ်မြတ်နိုးသကဲ့သို့ သူတစ်ပါးကိုလည်း ချစ်မြတ်နိုးရန်၊ မိမိ၏အလိုဆန္ဒနှင့်နှိုင်းယှဉ်ကာ သူတစ်ပါးအား ဒုက္ခပေးခြင်းနှင့် နှိမ့်ချဆက်ဆံခြင်းမပြုရန်[i]" လမ်းညွှန်ထားပါသည်။ ကိုယ်ချင်းစာတရား၏အရင်းခံမှာ မေတ္တာတရားဖြစ်ပြီး ဗုဒ္ဓဘာသာကောင်းတစ်ယောက်၏ ကျင့်စဉ်များတွင် မေတ္တာ၊ ကရုဏာ (သနားကြင်နာခြင်း)၊ မုဒိတာ (သူတစ်ပါးကောင်းစားသည်ကို ဝမ်းမြောက်ခြင်း) တို့ကို လက်ကိုင်ပြုရန် ဟောကြားထားပါသည်။

ခရစ်ယာန်ဘာသာတွင်လည်း "သူတစ်ပါးသည် မိမိအား ပြုစေလိုသည်အတိုင်း သူတစ်ပါးအား ထိုနည်းအတိုင်း ပြုကြလော့[ii]"ဟု ကျမ်းစာတွင်ပါရှိသည်[iii]။ မေတ္တာတရားနှင့်ပတ်သက်၍ "ထို့ကြောင့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ မေတ္တာတရား ဤသုံးပါးတို့သည် တည်လျက်ရှိ၏။ ထိုအထဲတွင် မေတ္တာတရားသည် အမြတ်ဆုံးဖြစ်၏"[iv]ဟု ဖော်ပြထားရာ လူသားအားလုံးအပေါ် မေတ္တာထားရန် အလေးပေးထားပါသည်။

အစ္စလာမ်ဘာသာတွင် ညီတူညီမျှဆက်ဆံခြင်းနှင့်ပတ်သက်၍ "လူသားတိုင်းသည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားသော သတ္တဝါများဖြစ်၍ အနွယ်၊ အရောင်အသွေး၊ အဆင့်အတန်းခွဲခြားကာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နှိမ့်ချခွင့်မရှိပေ"ဟု ဆုံးမထားသည်[v]။ ကိုယ်ချင်းစာတရားနှင့်ပတ်သက်၍ "သင်တို့တွင် မည်သူတစ်ဦးတစ်ယောက်မျှ မိမိအတွက် နှစ်သက်ချစ်ခင်သောအရာကို မိမိ၏ညီအစ်ကို (လူသားချင်း) အတွက်ပါ မနှစ်သက်သရွေ့ (မလိုလားသရွေ့) စစ်မှန်သောယုံကြည်သူ မဖြစ်နိုင်ပေ"ဟု တမန်တော် မုဟမ္မဒ် (ငြိမ်းချမ်းပါစေ)က ဟောကြားခဲ့သည်[vi]။

ဟိန္ဒူဘာသာတွင် အဟိံသ (အကြမ်းမဖက်ခြင်း)နှင့် မေတ္တာကို "သက်ရှိအားလုံးအပေါ် မေတ္တာထားရန်နှင့်အကြမ်းမဖက်သော အဟိံသဝါဒကို ကျင့်သုံးခြင်းဖြင့် လူလူချင်း နှိမ့်ချဆက်ဆံမှုများ ကင်းဝေးစေရန် သင်ကြားပေးသည်[vii]"။ ကရမ (Karma)အရ "မိမိက သူတစ်ပါးအပေါ် မည်ကဲ့သို့ဆက်ဆံသည်၊ ထိုသို့ဆက်ဆံမှုအတိုင်း မိမိထံသို့ပြန်လည်သက်ရောက်တတ်သည်ကို သိရှိနားလည်ပြီး ကိုယ်ချင်းစာတရားဖြင့် နေထိုင်ရန် လမ်းညွှန်ထားပါသည်"[viii]။

> **"အများက ရယ်စရာအဖြစ်သဘောထားကာ စနောက်လိုက်သော စကားတစ်ခွန်း၊ အမူအရာတစ်ခုသည် မသန်စွမ်းသူတစ်ဦးနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် "တစ်သက်စာ မေ့ဖျောက်၍မရနိုင်သော စိတ်ဒဏ်ရာ"ကို ဖြစ်ပေါ်စေပါသည်။ မိမိကိုယ်ကို ယုံကြည်မှုပျက်စီးစေပြီး လူ့အဖွဲ့အစည်းအတွင်းသို့ဝင်ဆံ့ရန် ကြောက်ရွံ့လာစေကာ စိတ်ဓာတ်ကျခြင်းနှင့် အထီးကျန်ခြင်းတို့ကို ခံစားရစေပါသည်။ အဆိုးဆုံးမှာ ထိုသို့လှောင်ပြောင်ခြင်းက ၎င်းတို့အား တန်းတူအခွင့်အရေးရှိသော လူသားတစ်ဦးအဖြစ် မရှုမြင်တော့ဘဲ "အောက်ကျနောက်ကျဖြစ်နေသူများ" အဖြစ် ပတ်ဝန်းကျင်က သတ်မှတ်လိုက်ခြင်းပင်ဖြစ်"**

**အမြစ်တွယ်နေသော အတွေးအခေါ်အမှားများနှင့် မသိနားမလည်မှုများ**

လူ့အဖွဲ့အစည်းအတွင်း ဘာသာတရား၏ အဆုံးအမများဖြင့် ကျင့်ကြံနေထိုင်သူများရှိသလို မသန်စွမ်းသူများကို ရယ်စရာအဖြစ် ရှုမြင်သူများလည်း ရှိပါသည်။ ယင်းသို့ရှုမြင်ကြခြင်း၏ အဓိကအကြောင်းရင်းမှာ အသိပညာဗဟုသုတနည်းပါးခြင်းနှင့် ကိုယ်ချင်းစာတရားကင်းမဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ရှေးရိုးစွဲအယူအဆအချို့တွင် မသန်စွမ်းမှုကို အတိတ်ဘဝက ကံကြမ္မာဆိုးကြောင့်ဖြစ်ရသည်ဟူသော အမြင်မှားများဖြင့် ရှုမြင်ကြပြီး ၎င်းတို့၏ မတူညီသောခန္ဓာကိုယ်လှုပ်ရှားမှု သို့မဟုတ် စကားပြောဆိုမှုများကို ထူးဆန်းသောအရာတစ်ခုအဖြစ် လှောင်ပြောင်တတ်ကြပါသည်။

**မသန်စွမ်းမှု (Disability) ဆိုသည်မှာ ရောဂါဝေဒနာတစ်ခု သို့မဟုတ် လူတစ်ဦး၏ အားနည်းချက်သက်သက်မဟုတ်ဘဲ ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် ပတ်ဝန်းကျင်ရှိ အတားအဆီးများ (Physical and Social Barriers) ပေါင်းစပ်သွားခြင်းကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေတစ်ခုမျှ** သာဖြစ်ကြောင်းကို နားမလည်ကြခြင်း ဖြစ်သည်။

**မီဒီယာနှင့် အနုပညာ၏ လွဲမှားသောအသုံးချမှု**

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကပင် ပြည်တွင်း၊ ပြည်ပ အနုပညာဖန်တီးမှုအချို့ (အထူးသဖြင့် ဟာသပြဇာတ်များ၊ ရုပ်ရှင်ဗီဒီယိုများနှင့် လူရွှင်တော်အချို့၏ ပြက်လုံးများ)တွင် စကားထစ်ခြင်း၊ မျက်စိမမြင်ခြင်း၊ ခြေလက်မသန်စွမ်းခြင်းနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှေးကွေးခြင်းတို့ကို ရယ်စရာများအဖြစ် အသုံးချခဲ့ကြသည်။ ဤသို့ အလွယ်တကူ ဟာသလုပ်ကွက်အဖြစ် အသုံးချခြင်းသည် လူထုကြားတွင် **"မသန်စွမ်းသူများကို လှောင်ပြောင်လျှင် ရယ်စရာဖြစ်သည်"** ဟူသောအတွေးမှားကို စွဲထင်သွားစေပါသည်။

မျက်မှောက်ခေတ် ဒစ်ဂျစ်တယ်ခေတ်သို့ရောက်ရှိလာသောအခါ လူမှုကွန်ရက်များဖြစ်သည့် TikTok, Facebook နှင့် YouTube တို့ပေါ်တွင် မိမိ၏ Page ကို လူကြည့်များရန်နှင့် အကြိုက်များရန်အတွက် မသန်စွမ်းသူများ၏အမူအရာကို အတုခိုး၍ ရယ်စရာလုပ်ကာ ဗီဒီယိုအတိုများ ဖန်တီးလာကြသည်ကို မကြာခဏ တွေ့မြင်ရပါသည်။ ဤသည်မှာ ခေတ်မီသော်လည်း စိတ်ဓာတ်မမီသော လူငယ်အချို့၏ ဥပဒေနှင့်ငြိစွန်းသော ရာဇဝတ်မှုမြောက်သည့် လုပ်ရပ်များပင်ဖြစ်ပါသည်။

**လှောင်ပြောင်ခြင်း၏ ဆိုးကျိုးများနှင့် စိတ်ဒဏ်ရာများ**

အများက ရယ်စရာအဖြစ် သဘောထားကာ စနောက်လိုက်သော စကားတစ်ခွန်း၊ အမူအရာတစ်ခုသည် မသန်စွမ်းသူတစ်ဦးနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် **"တစ်သက်စာ မေ့ဖျောက်၍မရနိုင်သော စိတ်ဒဏ်ရာ"**ကို ဖြစ်ပေါ်စေပါသည်။ မိမိကိုယ်ကို ယုံကြည်မှုပျက်စီးစေပြီး လူ့အဖွဲ့အစည်းအတွင်းသို့ဝင်ဆံ့ရန် ကြောက်ရွံ့လာစေကာ စိတ်ဓာတ်ကျခြင်းနှင့် အထီးကျန်ခြင်းတို့ကို ခံစားရစေပါသည်။ အဆိုးဆုံးမှာ ထိုသို့လှောင်ပြောင်ခြင်းက ၎င်းတို့အား တန်းတူအခွင့်အရေးရှိသော လူသားတစ်ဦးအဖြစ် မရှုမြင်တော့ဘဲ **"အောက်ကျနောက်ကျဖြစ်နေသူများ"**အဖြစ် ပတ်ဝန်းကျင်က သတ်မှတ်လိုက်ခြင်းပင်ဖြစ်ပါသည်။

**ဥပဒေကြောင်းအရ အကာအကွယ်ပေးထားမှုများ**

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ-၂ ဦးဆောင်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါသည်။

ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်အပြင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇ ခုနှစ်)ကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

လူမှုရေးဒုက္ခခံစားရန် အလားအလာရှိသူများအား ပြန်လည်ထူထောင်ရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို လိုအပ်ချက်များနှင့်အညီ ကူညီစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ၃၀-၁-၂၀၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဥပဒေများနှင့်အညီ အဓိကတာဝန်ရှိအဖွဲ့အစည်းအဖြစ် တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိပါသည်။

"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ" ပုဒ်မ ၄၅ အရ ၂၂-၃-၂၀၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် အမျိုးသားကော်မတီက ညွှန်ကြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်များနှင့် အသင်းချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့နှင့်အညီ "မြန်မာနိုင်ငံသား မသန်စွမ်းသူတိုင်း လူ့အသိုင်းအဝိုင်းအတွင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် အများနည်းတူ ရပ်တည်ပါဝင်နိုင်စေရန်" အနာဂတ်မျှော်မှန်းချက်ချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

**"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ" ပုဒ်မ ၇၇ တွင် "(က) မသန်စွမ်းသူများအား မသန်စွမ်းမှုကို အကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်းမပြုရ။ (ခ) မသန်စွမ်းသူများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ်ခိုင်းခြင်းမပြုရ။ (ဂ) မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားမရှာရ"ဟု တားမြစ်ထားပါသည်။**

ပုဒ်မ ၈၂ တွင် အထက်ပါ "ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ဥပဒေအရ မသန်စွမ်းသူများကို လူသိရှင်ကြားကဲ့ရဲ့ရှုတ်ချခြင်း၊ နှိမ့်ချဆက်ဆံခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများက ပြစ်မှုမြောက်ပြီး ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ကြောင်း အများပြည်သူသိရှိရန် လိုအပ်လှပါသည်။ ဥပဒေစိုးမိုးရေးသည်သာမက လူသားချင်း စာနာထောက်ထားမှုသည်လည်း ပဓာနကျပါသည်။

**အသိပညာပေးမှုများဖြင့် ပပျောက်အောင် မည်သို့လုပ်ဆောင်ကြမည်နည်း။**

မသန်စွမ်းသူများကို လှောင်ပြောင်ခြင်းဟူသော ယဉ်ကျေးမှုအောက်တန်းကျသည့်လုပ်ရပ်များ ပပျောက်စေရန်အတွက် အောက်ပါအတိုင်း ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းအသိပညာပေး ပြောင်းလဲရမည်ဖြစ်ပါသည်-

(၁) **အခြေခံပညာရေးကဏ္ဍမှစတင်ခြင်း။** ကျောင်းသင်ခန်းစာများတွင် မသန်စွမ်းမှု သဘောသဘာဝနှင့် ၎င်းတို့ကို ကူညီရိုင်းပင်းရမည့် နည်းလမ်းများ၊ လူသားချင်း လေးစားရမည့် စိတ်ဓာတ်များကို ငယ်စဉ်ကတည်းကသိရှိရန် အသိပညာပေးရမည်ဖြစ်ပါသည်။ "မတူညီသော်လည်း တန်းတူညီသည်" ဟူသောအမြင်ကို ပျိုးထောင်ပေးရမည်။ **စာမျက်နှာ ၁၂ သို့** ❖

## တောင်သူများအား ဘိုင်အိုချာဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြ



ပြည် ဇွန် ၁၃

တောင်သူများအား ဇီဝမီးသွေးမြေဩဇာ ထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ် ဇီးအုပ်ကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ပြည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်စိုက်ညှိကော်မတီ အဖွဲ့ဝင်များက တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအထွက်နှုန်းမထိခိုက်စေသည့် စပါးခွံအသုံးပြု ဘိုင်အိုချာဇီဝမီးသွေးမြေဩဇာ ပြုလုပ်သုံးစွဲပုံအဆင့်ဆင့်တို့ကို လက်တွေ့ပြသခဲ့သည်။ ဘိုင်အိုချာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေး၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းဖွင့်



ကန်ကြီးထောင့် ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မှိုစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်မော်လွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မှိုမျိုးထုပ်များကို တောင်သူများထံ ပေးအပ်ခဲ့ကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်ခင်မျိုးဝင်းက ငွေနှင်းမှိုစိုက်ပျိုးနည်း၊ ကြွက်နားရွက်မှို စိုက်ပျိုးနည်း၊ ကောက်ရိုးမှိုစိုက်ပျိုးနည်းတို့ကို ရှင်းလင်းပြောကြားပြီး ကောက်ရိုးမှိုစိုက်ပျိုးမှုကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများသို့ သွင်းအားစုပေးအပ်



ဓနုဖြူ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများသို့ သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အင်္ဂလာကျေးရွာ သဒ္ဓမ္မရံသီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်တို့က အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားကာ ၁၄၁ ဒသမ ၃ ဧက စံပြကွက် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားတောင်သူ ၁၃ ဦးထံ ကျပ်သိန်း ၁၁၀ နှင့်ညီမျှသော သွင်းအားစုမြေဩဇာအိတ် ၁၀၀ ကို ပေးအပ်ခဲ့သည်။

ယင်းနောက် ဒေသခံတောင်သူများ၏တင်ပြချက်အပေါ် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်သည့် စနစ်တကျလယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ဝေါမြို့နယ်၌ (၁၀)တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြ

ဝေါ ဇွန် ၁၃

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၀) စက်မှုလယ်ယာစခန်း ဝေါမြို့မှ (၁၀)တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ကျိုက်လှကျေးရွာ တောင်သူ ဦးအေးချမ်းမောင်၏ လယ်မြေသုံးဧကတွင် ပေါ်ဆန်း(၁) စပါးမျိုး စိုက်ပျိုးသရုပ်ပြခဲ့သည်။

ဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးစိုင်းချစ်ထွန်းက (၁၀)တန်းသွားမျိုးစေ့ချစက်အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးကာ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။



အာကာ(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တမုတ်ဆိုးကျေးရွာအုပ်စု တောင်သူ ဦးအောင်မျိုးထွန်း၏ လယ်မြေ သုည ဒသမ ၁၀ ဧကတွင် ပြုလုပ်သည်။

နွေစပါးရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ ခရိုင်မြေစာရင်းမှူး ဦးမျိုးသန့်တင်၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။ စံကွက်ရိတ်သိမ်းခဲ့ရာတွင် တစ်ဧက အစိုတင်း ၁၅၀ နှုန်းထွက်ရှိကြောင်း သိရသည်။

လှဲ့လှဲ့ခိုင်(အမရပူရ)

❖ စာမျက်နှာ ၁၁ မှ

(၂) **မီဒီယာနှင့် အနုပညာရှင်များ၏ အခန်းကဏ္ဍ။** ရုပ်ရှင်၊ သီချင်းနှင့် စာပေဖန်တီးသူများက မသန်စွမ်းမှုကို သနားစရာ သို့မဟုတ် ရယ်စရာအဖြစ် ပုံမဖော်ဘဲ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ရုန်းကန်လှုပ်ရှားမှုများကို အပြုသဘောဆောင်သော ပုံရိပ်အဖြစ် ပြောင်းလဲပုံဖော်ပေးရန် လိုအပ်ပါသည်။

(၃) **ပြည်သူလူထုအတွင်း Digital Literacy မြှင့်တင်ခြင်း။** လူမှုကွန်ရက်ပေါ်တွင် မသန်စွမ်းသူများကို လှောင်ပြောင်ထားသည့် Content များကို တွေ့ရှိပါက "ဟာသ" အဖြစ် သဘောမထားဘဲ အားပေးခြင်းမပြုခြင်း (Do not share/like) နှင့် တိုင်ကြားခြင်း (Report) တို့ကို ပြုလုပ်ကြရန် လိုအပ်ပါသည်။

(၄) **"မသန်စွမ်းမှုသည် ဟာသတစ်ရပ်မဟုတ်၊ Disability is not a joke" လှုပ်ရှားမှုများ။** အစိုးရဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မသန်စွမ်းအဖွဲ့အစည်းများပူးပေါင်းကာ လူထုအသိပညာပေး လှုပ်ရှားမှုများ၊ ဟောပြောပွဲများနှင့် ဆောင်းပါးများကို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှတစ်ဆင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးရန် လိုအပ်လှပါသည်။

**နိဂုံး**

လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်းကို တိုင်းတာရာတွင် ထိုအဖွဲ့အစည်းက အားနည်းသူများ၊ မသန်စွမ်းသူများကို မည်သို့တန်ဖိုးထားဆက်ဆံသလဲဆိုသည့် အချက်အပေါ်တွင် မူတည်ပါသည်။ မသန်စွမ်းမှုသည် မည်သူ့တွင်မဆို မတော်တဆမှုကြောင့်ဖြစ်စေ၊ အသက်အရွယ်ရလာ၍ဖြစ်စေ ဘဝ၏ တစ်ချိန်ချိန်တွင် ကြုံတွေ့လာနိုင်သည့် သဘာဝတရားတစ်ခုသာဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများကို ရယ်စရာအဖြစ် သရုပ်ဆောင်ပြခြင်း၊ လှောင်ပြောင်ခြင်းများကို မသန်စွမ်းသူများကိုယ်တိုင်မှစ၍ ပြတ်ပြတ်သားသား ဆန့်ကျင်ကြရပါမည်။ မသန်စွမ်းသူများ လိုအပ်နေသည်မှာ သနားကရုဏာ သို့မဟုတ် လှောင်ပြောင်သရော်မှုများ မဟုတ်ဘဲ **"တန်းတူညီမျှသော အခွင့်အရေး"**နှင့် **"လူသားဂုဏ်သိက္ခာ လေးစားမှု"** ဖြစ်ပါသည်။ ပြည်သူအားလုံး ပူးပေါင်းကာ **"ခွဲခြားဆက်ဆံမှုကင်းစင်ပြီး အားလုံးပါဝင်နိုင်သော (Inclusive Society) ဖော်ရွေသည့် လူ့အဖွဲ့အစည်းကြီး"**ကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ॥

**ကိုးကား။** ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ လူမှုဗေဒနှင့် စိတ်ပညာဆိုင်ရာလေ့လာမှုများ - Disability Studies & Social Psychology.

❋ ရုပ်ရှင်၊ သီချင်းနှင့် စာပေဖန်တီးသူများက မသန်စွမ်းမှုကို သနားစရာ သို့မဟုတ် ရယ်စရာအဖြစ် ပုံမဖော်ဘဲ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ရုန်းကန်လှုပ်ရှားမှုများကို အပြုသဘောဆောင်သောပုံရိပ်အဖြစ် ပြောင်းလဲပုံဖော်ပေးရန်လိုအပ်

❋ လူမှုကွန်ရက်ပေါ်တွင် မသန်စွမ်းသူများကို လှောင်ပြောင်ထားသည့် Content များကို တွေ့ရှိပါက "ဟာသ"အဖြစ် သဘောမထားဘဲ အားပေးခြင်းမပြုခြင်း (Do not share/like) နှင့် တိုင်ကြားခြင်း (Report) တို့ကို ပြုလုပ်ကြရန်လိုအပ်

---

[i] ဓမ္မပဒပါဠိတော် (ဒဏ္ဍဝဂ်၊ ဂါထာ - ၁၂၉၊ ၁၃၀)နှင့် သံယုတ္တနိကာယ် (မလ္လိကာသုတ္တန်)

[ii] ရှင်မဿဲခရစ်ဝင် ၇:၁၂ (Matthew 7:12) နှင့် ရှင်လုကာခရစ်ဝင် ၆:၃၁ (Luke 6:31)

[iii] ဓမ္မသစ်ကျမ်း (New Testament) ရှိ ခရစ်ဝင်ကျမ်း (Gospels)

[iv] ကောရိန္သုဩဝါဒစာပထမစောင် ၁၃:၁၃ (1 Corinthians 13:13)

[v] ကုရ်အာန်ကျမ်းမြတ် ၄၉:၁၃ (Surah Al-Hujurat 49:13 နှင့် တမန်တော်မြတ်မုဟမ္မဒ်၏ နောက်ဆုံးဓမ္မဒေသနာ (The Farewell Sermon)

[vi] ဆွဟီးဟ် အလ်-ဗုခါရီနှင့် ဆွဟီးဟ်မွတ်စလင်ကျမ်း (Sahih al-Bukhari 13, Sahih Muslim 45)

[vii] မဟာဘာရတကျမ်း (Mahabharata-Anushasana Parva 116.37-38) နှင့် ဘဂဝါဂီတာကျမ်း (Bhagavad Gita - Chapter 12, Verse 13)

[viii] မဟာဘာရတကျမ်း (Mahabharata-Anushasana Parva 113.8) နှင့် ဘဂဝါဂီတာကျမ်း (Bhagavad Gita - Chapter 6, Verse 32)

# အီရန်နှင့် အမေရိကန်အကြား စစ်ပွဲပြီးဆုံးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ မကြာမီ လက်မှတ်ရေးထိုးမည်



**တီဟီရန် ဇွန် ၁၃**

အီရန်နှင့်အမေရိကန်အကြား စစ်ပွဲပြီးဆုံးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို မကြာမီရက်ပိုင်းအတွင်း လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ် အေရာချီက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

**သဘောတူညီချက်ရရှိရေး ဆောင်ရွက်**

လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းကာလတွင် စစ်ပွဲထပ်မံမဖြစ်ရေးအတွက် နှစ်ဖက်စလုံးက ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယအဆင့်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကာ ထိုမှတစ်ဆင့် နောက်ဆုံးအဆင့် သဘောတူညီချက်ရရှိရေး ဆောင်ရွက်မည်ဟု သိရသည်။

နောက်ဆုံးအဆင့် သဘောတူညီချက်တွင် အီရန်နျူကလီးယားအရေးနှင့် အရေးယူပိတ်ဆို့မှုများဖယ်ရှားရေးတို့ကို အလေးထားဆွေးနွေးမည်ဖြစ်သည်။ ယူရေနီယံသတ္တုများကို အီရန်နယ်မြေအတွင်း အားပျော့သွားအောင် ဆောင်ရွက်ခြင်းကိုသာ လက်ခံမည်ဟု အီရန်ကပြောကြားသည်။

ယခုလက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာအရ လက်ဘနွန်အပါအဝင် စစ်မျက်နှာအားလုံးတွင် စစ်ပွဲပြီးဆုံးရေးကို ဆောင်ရွက်ရမည်ဖြစ်ပြီး လက်ဘနွန်၏ နယ်မြေများမှ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာခြင်းပြုရန်လည်း ပန်ကြားထားသည်။ ထို့အပြင် ဟော်မုဇ်ရေလက်ကြားပြန်လည်ဖွင့်လှစ်ရေး၊ ရေတပ်ပိတ်ဆို့မှုဖယ်ရှားရေးနှင့် အီရန်နိုင်ငံပိုင်ပစ္စည်းများ ပြန်လည်ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လွှမ်းခြုံမှု နိုင်ငံ၏စွမ်းအင်လိုအပ်ချက် ပြည့်မီ



**ပေကျင်း ဇွန် ၁၃**

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လွှမ်းခြုံမှုသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ပြည့်မီကာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။

ပထမဆုံးအကြိမ်အဖြစ် အစိမ်းရောင်စွမ်းအင်က နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဇွန် ၁၂ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေးအစီရင်ခံစာအရ တရုတ်နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုစွမ်းရည်သည် ပြီးခဲ့သည့်နှစ်က စံချိန်တင်မြင့်မားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်စွမ်းအား ၃၀၀ ဂစ်ဂါဝပ်ခန့် ထပ်မံထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် နိုင်ငံ၏ စိမ်းလန်းစိုပြည်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စွမ်းအင်အသွင်ကူးပြောင်းမှုကို ဆက်လက်ထိန်းသိမ်းနေကြောင်း သိရသည်။

ဒေသတွင်း ဓာတ်အားလိုင်းသုံးစွဲမှုနှင့် သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုတို့တွင် သိသိသာသာတိုးတက်လာခြင်းနှင့်အတူ ဆိုလာလျှပ်စစ်ထုတ်လွှတ်သုံးစွဲမှုသည် နှစ်နှစ်ဆက်တိုက် ၁၀၀ ဂစ်ဂါဝပ်ထက် ကျော်လွန်ခဲ့သည်။

အမျိုးသားစွမ်းအင် စီမံခန့်ခွဲရေးဌာန၏အဆိုအရ တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုသည် ၂၀၂၅ ခုနှစ်တွင် ၄ ထရီလီယံကီလိုဝပ်နာရီအထိ ရောက်ရှိခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံ၏ ပေါင်းစပ်ဓာတ်အားသုံးစွဲမှုပမာဏထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်ကို တည်ဆောက်ခဲ့ပြီး အစိမ်းရောင်အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် ကတိပြုထားသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

# လာအိုနိုင်ငံ၌ ကလေးလုပ်သားပပျောက်ရေးဆောင်ရွက်

**ဗီယင်ကျန်း ဇွန် ၁၃**

လာအိုနိုင်ငံသည် ကလေးလုပ်သားပပျောက်ရေးနှင့် ကလေးသူငယ်အခွင့်အရေး ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကလေးလုပ်သားပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကလေးလုပ်သားပပျောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် မိတ်ဖက်နိုင်ငံများက ကြိုးပမ်းဆောင်ရွက်နေကြောင်း ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပွန်ဇေဆက် အင်သလတ်က ပြောကြားသည်။

လာအိုနိုင်ငံသည် ကလေးသူငယ်များကို ကာကွယ်ရန်နှင့် ကလေးအလုပ်သမားများကို ကိုင်တွယ်ဖြေရှင်းရန် မူဝါဒများ၊ မဟာဗျူဟာများ၊ ဥပဒေများနှင့် စည်းမျဉ်းများကို မိတ်ဆက်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် အကောင်အထည်ဖော်မှုယန္တရားများကို အားကောင်းစေခြင်းအပြင် ဒေသတွင်းနှင့် နိုင်ငံတကာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကလေးသူငယ်များအား မသင့်တော်သည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုစေရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကလေးအလုပ်သမားပပျောက်ရေးနှင့် သင့်တော်သည့် အလုပ်အကိုင်များရရှိရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် ၎င်းက ပန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးထပ်မံတွေ့ရှိ

**ကရာချိ ဇွန် ၁၃**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ် ကရာချိမြို့၌ မျောက်ကျောက်ရောဂါပိုးကူးစက်ခံရသည့် လူနာသစ်တစ်ဦးကို အတည်ပြုတွေ့ရှိခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

ကျန်းမာရေးဌာနအရာရှိများ၏ အဆိုအရ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးသည် ကျန်းမာရေးစစ်ဆေးမှုမှတစ်ဆင့် ဗိုင်းရပ်စ်ပိုးတွေ့ရှိပြီး ၎င်းအား မြို့တွင်းရှိ ဒေသခံဆေးရုံတစ်ရုံတွင် ကုသမှုခံယူစေကာ စောင့်ကြည့်လျက်ရှိသည်။

လူနာသည် မကြာသေးမီက ခရီးသွားမှတ်တမ်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ ဒေသတွင်း ရောဂါကူးစက်မှုဖြစ်နိုင်ခြေဆိုင်ရာစိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

ယခုဖြစ်ရပ်ကြောင့် ကရာချိတွင် မျောက်ကျောက်ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာအရေအတွက်မှာ ၁၀ ဦးရှိလာကာ ဆင်းဒ်ပြည်နယ်တွင် ၃၅ ဦးအထိ မြင့်တက်လာခဲ့ပြီး အာဏာပိုင်များသည် ဗိုင်းရပ်စ်ပျံ့နှံ့မှုကိုထိန်းချုပ်ရန် စောင့်ကြည့်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်ခဲ့သည်။

ယခုနှစ်တွင် ဆင်းဒ်ပြည်နယ်၌ မျောက်ကျောက်ရောဂါကြောင့် အနည်းဆုံး သေဆုံးသူကိုးဦးရှိခဲ့သည်။ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်နှင့် နောက်ထပ်ကူးစက်မှုများကို ကာကွယ်ရန် အစီအမံများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရောဂါရှိသူများအား ခွဲခြားခြင်းနှင့် စောင့်ကြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# အီဘိုလာရောဂါတိုက်ဖျက်ရေး တရုတ်နိုင်ငံနှင့်အာဖရိကဒေသ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်



**အဒစ်အဘာဘာ ဇွန် ၁၃**

အီဘိုလာရောဂါ တိုက်ဖျက်ရေးတွင် တရုတ်နိုင်ငံနှင့် အာဖရိကဒေသအကြား အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နေကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာက ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့၌ လက်ရှိအချိန်တွင် အီဘိုလာရောဂါ ကူးစက်ခံရသူ ၆၅၀ ကျော်ရှိနေသည်။ အဆိုပါနိုင်ငံများတွင် ဗူဒီဗက်ယိုအမျိုးအစား အီဘိုလာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၄ ဦးနှင့် သေဆုံးသူ ၁၂၉ ဦးရှိကြောင်း အာဖရိကဒေသကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ ညွှန်ကြားရေးမှူး ယွန်ကတ်ဆီရာက ပြောကြားသည်။ လက်ရှိအချိန်တွင် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ရောဂါပိုးကူးစက်ခံရသူနှင့် အနီးကပ်နေထိုင်ခဲ့သူများအား ရှာဖွေကာ ရောဂါရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ရောဂါကုသရေးလုပ်ငန်းများ နှောင့်နှေးနေကြောင်း ၎င်းက ပြောကြားသည်။ ရောဂါကူးစက်သည့် နေရာဒေသများ ကျယ်ပြန့်လာခြင်း၊ ရောဂါကူးစက်ခံရသူများအား လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲများရှိခြင်းနှင့် ရောဂါတိုက်ဖျက်ရေးရန်ပုံငွေ နည်းပါးခြင်းအပြင် အခြားအခက်အခဲများရှိကြောင်း ၎င်းက ပြောကြားသည်။

ဒေသတွင်း ရောဂါဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုကြောင်းနှင့် အာဖရိကနိုင်ငံများနှင့် ဒေသတွင်း ပြည်သူ့ကျန်းမာရေး လုပ်ငန်းအပေါ် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုအတွက်ဝမ်းမြောက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အာဖရိကဒေသတွင်း အီဘိုလာရောဂါတိုက်ဖျက်ရေးကဏ္ဍတွင် ငွေကြေးနှင့် လူသားအရင်းအမြစ်များ ပံ့ပိုးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီဘိုလာဗိုင်းရပ်စ်သည် ကူးစက်လွယ်ပြီး ဖျားခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ယေဘုယျအားဖြင့် နာကျင်ကိုက်ခဲခြင်းနှင့် မအီမသာဖြစ်ခြင်း၊ ပြင်းထန်သော အခြေအနေများတွင် ခန္ဓာကိုယ်အတွင်းပိုင်းနှင့် အပြင်ပိုင်းသွေးယိုစီးခြင်း အပါအဝင် ရောဂါလက္ခဏာများ ဖြစ်စေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် တည်ရှိသည့် မန်းဓာတ်အားပေးစက်ရုံကို Supervisory Control And Data Acquisition (SCADA) စနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်နေသော အခြေအနေကို National Control Center (NCC နေပြည်တော်)မှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ ဓာတ်အားစနစ်ထိန်းချုပ်ကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားစနစ်တည်ငြိမ်မှုရှိစေရန် ရည်ရွယ်၍ မန်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်နေသောဖီဒါများ၏ Multifunction Meter များအား အသစ် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံရှိ ၁၃၂/၃၃/၁၁ ကေဗွီ ၅၀ အမ်ဗွီအေ ထရန်စဖော်မာအား ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ၁၃၂/၆၆/၁၁ ကေဗွီ ၄၀ အမ်ဗွီအေထရန်စဖော်မာအား မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ယာယီဓာတ်အားပိတ်၍ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်နေစဉ် မန်းဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ၊ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသော ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့၊ မလွန်မြို့ ၊ မင်းလှမြို့၊ စကုမြို့၊ ငဖဲမြို့၊ ဆင်းဝေါင်းကျေးရွာများ၊ ထောက်ရှာပင်ရေနံမြေနှင့် မင်းဘူးဓာတ်ငွေ့ရည်စက်ရုံတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ခနောင်တိုဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မြို့ရုံး(၁) ဓာတ်အားလိုင်းတို့၏ ဆက်စပ် Switchbay (ဆွဒ်ဘေး) များ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပေါ်စေရန်အတွက် ဆွဒ်ဘေးထိန်းသိမ်းပြုပြင်ခြင်းနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည် -

| စဉ် | ဓာတ်အားလိုင်းအမည် | ရက်စွဲ/ အချိန် | ဓာတ်အားပြတ်ဧရိယာ |
|---|---|---|---|
| ၁။ | ၃၃ ကေဗွီ ခနောင်တို | ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရွာနှင့် ဒလမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ |
| ၂။ | ၃၃ ကေဗွီ မြို့ရုံး (၁) | ၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ ညောင်ရွာနှင့် ဒိုင်စုစသည့် ရပ်ကွက်များ |

ထို့အတွက် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



## နမ့်စန်မြို့နယ်၌ သွင်းအားစု၊ မျိုး၊ မြေသြဇာများ ပေးအပ်

**နမ့်စန် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆင့်ကျေးရွာတွင် အသင်းပိုင်ငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် နမ့်တိန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်း အသင်းသားတောင်သူများအတွက် သွင်းအားစု၊ မျိုးနှင့် မြေသြဇာများပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၁ နာရီက အဆိုပါကျေးရွာ အသင်းဥက္ကဋ္ဌနေအိမ်၌ ဆောင်ရွက်သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူ ၃၀ ၏ စိုက်ဧက ၁၀၀ အတွက် သွင်းအားစု DU-12 မျိုးနှင့် ကွန်ပေါင်း၊ ပုလဲဓာတ်မြေသြဇာတို့ကိုပေးအပ်ခဲ့ရာ နမ့်တိန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## မြန်မာ့ရိုးရာလက်ဝှေ့နည်းပြဆရာ(အခြေခံ)သင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၃**

အားကစားရေးရာ ဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်သည့် "မြန်မာ့ရိုးရာလက်ဝှေ့နည်းပြဆရာ သင်တန်း (အခြေခံ)အမှတ်စဉ် ၁/၂၀၂၆ သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲရုံ၌ ပြုလုပ်သည်။




ဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လွင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက သင်တန်းသားများအား တစ်ဦးချင်း သင်တန်းဆင်းလက်မှတ်ပေးအပ်ကြပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုဂါရဝလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ နည်းပြသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေကြီး၊ ပဲခူးတိုင်းဒေသကြီး ကလပ်များမှ ရိုးရာလက်ဝှေ့ကစားသမားနည်းပြများနှင့် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဗလ**

## စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်ခြင်းဆိုင်ရာ ပညာပေးဟောပြော

**နောင်ချို ဇွန် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းတက်ရောက်ခြင်းဆိုင်ရာအခွင့်အလမ်းများအား နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကွင်းဆင်းပညာပေးဟောပြောခြင်းများကို ယမန်နေ့က ဆောင်ရွက်သည်။



### ပညာပေးဟောပြော

ကွင်းဆင်းရာတွင် ကျောက်မဲခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ဝင်းသည် သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့်အတူ အထက(၁)၊ အထက(၂)နှင့် နောင်ချိုမြို့နယ် ကံကြီးကျေးရွာအုပ်စု အထက(ကံကြီး)တို့သို့ သွားရောက်ကာ အခြေခံပညာအထက်တန်း G-10 ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်ခြင်း၏ အနာဂတ်အခွင့်အလမ်းများ၊ အထက်တန်းကျောင်း တက်ရောက်နေစဉ် သင်ကြားပေးမည့် ဘာသာရပ်အကြောင်းအရာများနှင့် ဌာနမှ ထောက်ပံ့ပေးနိုင်သည့်အခြေအနေများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာပေး သင်တန်းဖွင့်

**ပျဉ်းမနား ဇွန် ၁၃**

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)မှ မွေးမြူရေးနှင့်စိုက်ပျိုးရေးဘာသာရပ် အထူးပြုကျောင်းသားများအတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာပေးသင်တန်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနည်းပညာရပ်ကို တတ်မြောက်စေရန် စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း ပြောကြားပြီး ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာက အခြေခံငါးမွေးမြူခြင်းနှင့် ငါးဆေးထိုးသားဖောက်ခြင်းကို ကျောင်းသား ကျောင်းသူ ၇၇ ဦးအား ပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**ဘုတ်ပြင်း ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇွန် ၈ ရက်တွင် အထက(ဘုတ်ပြင်း)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ အသက် (၁၀) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုကို ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❊ ONE Friday မှ**

အပြန်အလှန်ထိုးသတ်ခဲ့ရသည်။ သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ကျော်စွာဝင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထွန်းမင်းအောင်သည် နယူးဇီလန်ဖိုက်တာ ပရော်တာနှင့် ထိုးသတ်ရာ အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ထွန်းမင်းအောင်အနေဖြင့် ယခင်ထက် ပိုမိုတိုးတက်လာသော်လည်း အမှတ်ရယူနိုင်မှု နည်းပါးသဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထွန်းမင်းအောင်သည် နောက်ဆုံးသုံးပွဲဆက်တိုက် အရေးနိမ့်ခဲ့ပြီး ခုနစ်ပွဲထိုးသတ်ရာတွင် နှစ်ပွဲသာ အနိုင်ရထားသည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-onefc**

❍ ကျောဖုံးမှ

မွန်းလွဲ ၂နာရီခွဲခန့်တွင် ကောင်းမှုတုံရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခြောက်ဦးအား ဖုန်းမျိုးစုံ ၁၀၃ လုံး၊ Laptop မျိုးစုံ ခြောက်လုံး၊ All In One ကွန်ပျူတာ နှစ်လုံး၊ Wifi စက် လေးလုံး၊ CPU နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၉၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးတို့အား ဖမ်းဆီးရမိစဉ်။



မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေအိမ်နှင့် လုပ်ငန်းနေရာအား တွေ့ရစဉ်။

## မန္တလေးပညာရေးဒီဂရီကောလိပ်၌ လူကုန်ကူးမှုကာကွယ်ရေးအသိပညာပေးဟောပြော

**ချမ်းအေးသာစံ ဇွန် ၁၃**

မန္တလေးပညာရေးဒီဂရီကောလိပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့စုတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းက မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသင်္ဂီကျော်က အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်ဇော်မြင့်က လူမှောင်ခိုမှု၊ လူကုန်ကူးခြားနားချက်၊ လူကုန်ကူးခံရမည့် အခြေအနေများနှင့် ကာကွယ်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူးသူဇာလွင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် သက်ငယ်မုဒိမ်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

**ချမ်းစံ(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပခုက္ကူ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ စုပေါင်း၍ ကျောင်းသား ကျောင်းသူ ၁၈၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကျောင်းကုန်းမြို့၌ ပြည်သူ့လုံခြုံရေးအတွက် မော်တော်ယာဉ်များစစ်ဆေး

**ကျောင်းကုန်း ဇွန် ၁၃**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦး၏ ကြီးကြပ်မှုဖြင့် ပြည်သူ့လုံခြုံရေးအတွက် မော်တော်ယာဉ်များ စစ်ဆေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ကျောင်းကုန်း မြို့မစခန်းမှူး ဒုရဲမှူး ဇော်ဝေလင်း ဦးဆောင်၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇင်ယော်အောင်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များကို စစ်ဆေးရာတွင် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်းများဖြင့် ဆောင်ရွက်ခဲ့ကြပြီး ပြည်သူများကလည်း ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကို ကြည်ဖြူစွာ ပူးပေါင်းပါဝင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြန်အောင် ဇွန် ၁၃**

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ်(၄၄) မမြဆည် အနီး၌ ကျင်းပစိုက်ပျိုးသည်။



ဦးစွာ ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်-၂ နှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုး ရှစ်မျိုး စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

✻ **MFF မှ**

ပွဲစဉ် (၆)တွင် YRG အသင်းက ULAD အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Gold Dream အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုး၊ Royal Noka အသင်းက Burmese Warriors အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ MIU အသင်းက United City အသင်းကို ၁၅ ဂိုး-ဂိုးမရှိ၊ Pacific Sun Far အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိပြီး JV အသင်းနှင့် YCDC Dream Team အသင်း ငါးဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ် ၆ အပြီးတွင် Pacific Sun Far နှင့် MIU အသင်းတို့က ၁၈ မှတ်စီ၊ YRG အသင်းက ၁၅ မှတ်၊ YCFC Dream Team အသင်းက ၁၃ မှတ်၊ Gold Dream အသင်းနှင့် ULAD အသင်းတို့က ၁၂ မှတ်စီ၊ JV အသင်းက ခုနစ်မှတ်၊ Royal Noka အသင်းက ခြောက်မှတ်၊ United City အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီ ရရှိထားပြီး Burmese Warriors အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

# အစိမ်းရောင်လမ်းမများဆီသို့ EV ကားဖြင့် ချီတက်ရာဝယ်

ဗညားဦး

**ပိုမိုဘေးကင်းသော လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် နေအိမ်စနစ်၊ စွမ်းအင်ချွေတာမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့ကို စနစ်တကျရရှိခံစားရမည့် AI စနစ်ပါမြို့ပြများ ကမ္ဘာကြီးတွင် ပေါ်ပေါက်လာတော့မည်။ ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြုထားသည့် ဂျပန်နိုင်ငံရှိ Woven City သည် ကမ္ဘာ့ပထမဆုံး AI မြို့ပြတစ်ခုဖြစ်လာပြီဖြစ်သည်။**

ဉာဏ်ရည်တုနည်းပညာအသုံးပြုပြီး နိုင်ငံတိုင်းက အများပြည်သူ လွယ်ကူလျင်မြန်စွာ၊ သက်သောင့်သက်သာရှိစွာ၊ လုံခြုံစွာ နေထိုင်သွားလာနိုင်သောစနစ်များကို ဖော်ဆောင်လာကြသည်။ အစိမ်းရောင်မြို့ပြစနစ်များကိုလည်း ဖန်တီးလာကြသည်။ ထို့အတူ ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ဖော်ဆောင်ရာတွင် သန့်ရှင်းသောစွမ်းအင်များကို အသုံးပြုသည့်ခေတ်ဆီ ကူးပြောင်းနေချိန်လည်းဖြစ်သည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့်အတူ ကမ္ဘာ့ရုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှု၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုတို့ကလည်း သန့်ရှင်းသောစွမ်းအင်နှင့် နည်းပညာ ပေါင်းစပ်တည်ဆောက်ထားသော မြို့ပြများဆီ လျင်လျင်မြန်မြန် တွန်းပို့နေသည်။

## ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျှော့ချရေး တွန်းအားပေးဆောင်ရွက်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းစဉ်များကို နိုင်ငံအလိုက် တွန်းအားပေး ဆောင်ရွက်ကြရသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် အသားတင်ထုတ်လွှတ်မှု သုညသို့ ရောက်ရှိရေး ရည်မှန်းဆောင်ရွက်နေကြပြီး သယ်ယူပို့ဆောင်ရေးမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကျော် လျှော့ချရန် ကြိုးပမ်းကြသည်။

ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော ယာဉ်များ ပြောင်းလဲသုံးစွဲလာကြသည်။ ကာဗွန်ထုတ်လွှတ်မှု မရှိသော လျှပ်စစ်သုံးယာဉ် (Electric car, Electric vehicle – EV) များ၏ အခန်းကဏ္ဍသည် ရှေ့တန်းရောက်ရှိလာသည်။ ဈေးကွက်တွင် လျှပ်စစ်သုံးယာဉ်များက ထိပ်တန်းရောက်ရှိလာသည်။ ကမ္ဘာ့နိုင်ငံများမှ အစိုးရများက ပြည်သူများအား လျှပ်စစ်ကားများ ပြောင်းလဲအသုံးပြုမှုကို တွန်းအားပေးဆောင်ရွက်လာကြသည်။ EV မူဝါဒများ ချမှတ်လာကြသည်။

လျှော့ဈေးများ၊ အခွန်လျှော့ဈေးများဖြင့် EV သုံးစွဲသူများကို ဆွဲဆောင်သည့် အစီအစဉ်များကို ချမှတ်ဖော်ဆောင်ကြသည်။ ပြည်သူများသုံးစွဲမှု အဆင်ပြေရန် အားသွင်းရုံများ၊ ပြုပြင်ထိန်းသိမ်းရေးစင်တာများကို တစ်ပါတည်း လုပ်ဆောင်ပေးကြသည်။

တစ်ဖက်တွင်လည်း EV များ၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်လျက်ရှိသည်။ တပ်ဆင်ထားသည့် ကင်မရာများ၊ ရေဒါများနှင့် AI Chipset များက လမ်းအခြေအနေ၊ အတားအဆီးများကို မြန်ဆန်စွာ တွက်ချက်ပြီး စတီယာရင်နှင့် ဘရိတ်ကို အလိုအလျောက် ထိန်းချုပ်မောင်းနှင်ပေးသည့်စနစ်၊ စမတ်ဖုန်းများကဲ့သို့ ကား၏ Operating System ကို အင်တာနက်မှတစ်ဆင့် Software Update ပြုလုပ်ရုံဖြင့် ကား၏ မောင်းနှင်မှုပုံစံ၊ ဘက်ထရီစွမ်းဆောင်ရည်နှင့် AI အသုံးပြုထားသည့် ပိုမိုကောင်းမွန်သောစနစ်၊ အသံအမိန့်ပေးစနစ်၊ ဘက်ထရီနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ပါဝင်သည့် နည်းပညာမြင့် EV များက စက်သုံးဆီသုံးယာဉ်များနေရာတွင် အစားထိုးဝင်ရောက်လာပြီဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားဈေးကွက်တွင် EV ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင် ရောင်းချနိုင်ခဲ့သည်။ ထို့အတူ ၂၀၂၆ ခုနှစ်အတွင်း EV များ ရောင်းအားက ၂၃ သန်းအထိ ဆက်လက်မြင့်တက်လာရန် အလားအလာရှိပြီး ကားအသစ်ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးအထိ နေရာယူလာနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ (IEA) ၏ အချက်အလက်များအရ သိရသည်။

နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ နောက်ဆုံးထုတ်ပြန်ထားသော Global EV Outlook အစီရင်ခံစာအရ ၂၀၃၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ EV အစီးရေသည် သန်း ၅၁၀ အထိ ရောက်ရှိလာမည်ဖြစ်ပြီး ယင်းသည် လက်ရှိအသုံးပြုနေသော ပမာဏထက် ခြောက်ဆကျော် တိုးတက်လာနိုင်ကြောင်း သိရသည်။

EV တစ်ခေတ်ဆန်းသစ်လာချိန်တွင် တရုတ်နှင့် ဥရောပတို့၌ ကားအသစ်ရောင်းအား၏ ၉၀ ရာခိုင်နှုန်းကျော်အထိ လွှမ်းမိုးနိုင်သည့် အခြေအနေကို ရောက်ရှိနိုင်ပြီး အရှေ့တောင်အာရှဈေးကွက်တွင်လည်း EV ရောင်းအားပမာဏသည် လက်ရှိထက် သုံးဆအထိ မြင့်တက်လာနိုင်ကြောင်း IEA ၏ အချက်အလက်များအရ သိရသည်။ ထို့အတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လျှပ်စစ်ဘတ်စ်ကားများ၊ လျှပ်စစ်ကုန်တင်ကားကြီးများ၊ လျှပ်စစ် နှစ်ဘီး/ သုံးဘီးတပ်ယာဉ်များသည်လည်း ထွန်းသစ်စဈေးကွက်တစ်ခုဖြစ်လာမည်။

**ပြောင်းလဲတိုးတက်လာသော EV များ၏ အခန်းကဏ္ဍတွင် AI နည်းပညာ ဖွံ့ဖြိုးမှုကို ပေါင်းစပ်လိုက်သည့်အခါ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကြီးမားစွာ ပြောင်းလဲစေသည့် နည်းပညာပေါင်းစပ်မှုဖြစ်လာသည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများက နည်းပညာကုမ္ပဏီများနှင့်ပူးပေါင်း၍ AI မောင်းနှင်မှု စနစ်များဖြင့် EV များကို နည်းပညာတစ်ဆင့်ထက်တစ်ဆင့် မြှင့်တင်ရင်း ဖွံ့ဖြိုးမှုကို ကြိုးပမ်းဖော်ဆောင်ကြသည်။ ထို့အတူ EV ဝယ်ယူသုံးစွဲရာတွင် ဦးစားပေးစဉ်းစားကြသည့် ဘက်ထရီအကြမ်းခံမှု၊ အားသွင်းချိန်၊ ခရီးမိုင် အကန့်အသတ် စသည့်အချက်များကို သုံးစွဲသူများအတွက် အားသာချက်များ ရရှိအောင် EV ထုတ်လုပ်သူများက ကြိုးပမ်း**

## AI မောင်းနှင်မှုစနစ်များဖြင့် EV များကို နည်းပညာမြှင့်တင်

ပြောင်းလဲတိုးတက်လာသော EV များ၏ အခန်းကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးမှုကို ပေါင်းစပ်လိုက်သည့်အခါ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကြီးမားစွာပြောင်းလဲစေသည့် နည်းပညာပေါင်းစပ်မှု ဖြစ်လာသည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများက နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်း၍ AI မောင်းနှင်မှုစနစ်များဖြင့် EV များကို နည်းပညာတစ်ဆင့်ထက်တစ်ဆင့် မြှင့်တင်ရင်း ဖွံ့ဖြိုးမှုကို ကြိုးပမ်းဖော်ဆောင်ကြသည်။ ထို့အတူ EV ဝယ်ယူသုံးစွဲရာတွင် ဦးစားပေးစဉ်းစားကြသည့် ဘက်ထရီအကြမ်းခံမှု၊ အားသွင်းချိန်၊ ခရီးမိုင် အကန့်အသတ် စသည့်အချက်များကို သုံးစွဲသူများအတွက် အားသာချက်များရရှိအောင် EV ထုတ်လုပ်သူများက ကြိုးပမ်းလျက်ရှိသည်။

EV များ၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် ဘက်ထရီထုတ်လုပ်မှုနည်းပညာ တိုးတက်လာခြင်းကြောင့် ဘက်ထရီဈေးနှုန်းများက နှစ်စဉ် သိသိသာသာကျဆင်းမှုရှိကြောင်း IEA မှ သိရှိရပြီး ဘက်ထရီသက်တမ်းနှင့် ထိန်းသိမ်းမှု (Battery Life & Maintenance) အပိုင်းကို စဉ်ဆက်မပြတ် မြှင့်တင်လျက်ရှိကြသည်။

အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံ၏ EV မူဝါဒသည် လျှပ်စစ်ကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည်။ မြန်မာနိုင်ငံတွင်လည်း EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ၂၀၂၂ ခုနှစ်တွင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် EV ကဏ္ဍဖွံ့ဖြိုးရေးလမ်းပြမြေပုံကို စနစ်တကျရေးဆွဲချမှတ်ပြီး ဦးဆောင်ကော်မတီ၏ မူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းကာ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်နေသည်။

EV များအတွက် အခွန်ကင်းလွတ်ခွင့်များ၊ အားပေးမြှင့်တင်မှုအစီအစဉ်များဖြင့် EV ကဏ္ဍဖွံ့ဖြိုးရေးကို ဖော်ဆောင်နေသည်။ EV တင်သွင်းသည့် ကုမ္ပဏီများသည် ကားရောင်းချရုံတင်မကဘဲ ပြုပြင်ထိန်းသိမ်းရေးစင်တာ (Showroom & Service Center)များနှင့် အားသွင်းရုံများကိုပါ တစ်ပါတည်း တည်ဆောက်ရသည့်မူဝါဒ ထားရှိသည်။ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော Taxi အငှားယာဉ်များနှင့် YBS မြို့တွင်းဘတ်စ်ကားလိုင်းများတွင် အင်ဂျင်ကားများနေရာ၌ EV များကို အစားထိုးလဲလှယ်အသုံးပြုရန် ဦးစားပေးခွင့်ပြုပေးနေသည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် YBS ယာဉ်လိုင်းများတွင် EV Bus နှစ်စီးဖြင့် ရှေ့ပြေးစမ်းသပ်ပြေးဆွဲနေပြီဖြစ်သည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ၃၂ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် YBS ယာဉ်လိုင်းအားလုံးကို ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဘတ်စ်ကားများအဖြစ် အစားထိုးပြောင်းလဲရန် ရည်မှန်းထားသည်။

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးနေမှုကို တိုးတက်ဖြည့်ဆည်းပေးလျက် ရှိသည့်အတွက် တိုးတက်သုံးစွဲလာကြမည့် EV များအတွက် ဓာတ်အားရရှိရေးကို အတူဖြည့်ဆည်းပေးနိုင်လာမည်ဖြစ်သည်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်နှင့် မြို့ကြီးများရှိ အဓိကလမ်းဆုံများနှင့် စက်သုံးဆီဆိုင်များတွင် အများပြည်သူသုံး EV အားသွင်းရုံ (DC Fast Charging) များ ဖွင့်လှစ်ထားရှိပြီး ပြည်သူများ တိုးတက်သုံးစွဲမှုနှင့်အတူ EV အားသွင်းရုံများ တိုးတက်ဖွင့်လှစ်မည့် အလားအလာများရှိသည်။

ထို့အတူ ပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင်များ၊ လိုအပ်သည့် ကားအပိုပစ္စည်းများ လွယ်ကူစွာ စီမံပေးနိုင်ရန် လိုအပ်သည့်အတွက် EV တင်သွင်းသည့်ကုမ္ပဏီများက ကားရောင်းချပြုပြင်ထိန်းသိမ်းရေးစင်တာကို တစ်ပါတည်းဆောင်ရွက်ရသည်။ အလားတူ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကဲ့သို့သော သင်တန်းကျောင်းများတွင် EV သင်တန်းများကို အရည်အသွေးပြည့်မီစွာ ဖွင့်လှစ်၍ ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

EV များသည် သုံးစွဲသူများအတွက် အားသာချက်များစွာရှိသည်။ အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားကိုသာ အသုံးပြုခြင်းကြောင့် ကားတစ်စီး၏ အသုံးစရိတ်သည် အခြားမော်တော်ယာဉ်တစ်စီး၏ ဓာတ်ဆီအသုံးစရိတ်ထက် ပို၍သက်သာသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်လည်း သက်သာသည်။ EV များသည် မြန်မာနိုင်ငံတွင် အဦးအစ ဖွံ့ဖြိုးလာခြင်းဖြစ်သည့်အတွက် ဘက်ထရီသက်တမ်း၊ မီးဘေးအန္တရာယ်နှင့် ရေရှည်ကုန်ကျစရိတ် ချွေတာနိုင်မှုတို့နှင့်ပတ်သက်ပြီး သုံးစွဲသူများအကြား စိုးရိမ်ပူပန်မှုများ၊ အယူအဆအမှားများကို ကျော်လွှားနိုင်ရန် အသိပညာပေးလုပ်ငန်းများလည်း လိုအပ်နေသည်။

## လျှပ်စစ်ယာဉ်ချေးငွေစနစ်များလည်း ပေါ်ပေါက်စေလို

လျှပ်စစ်သုံးယာဉ် (EV) သုံးစွဲသူများက နိုင်ငံတော်အနေဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဆိုလာစွမ်းအင်သုံး အားသွင်းရုံ (Solar-Powered Charging Stations) များ နိုင်ငံအနှံ့ တည်ရှိလာရေးကို မျှော်လင့်ကြသည်။ After-Sales Service ဝန်ဆောင်မှု ပိုမိုကောင်းမွန်လိုကြသည်။ သုံးစွဲသူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ အတိုးနှုန်းသက်သာသော လျှပ်စစ်ယာဉ်ချေးငွေ (Green Loans) စနစ်များလည်း ပေါ်ပေါက်စေလိုကြသည်။

လက်ရှိ မြန်မာနိုင်ငံတွင် EV သုံးစွဲမှုအခြေအနေကို လေ့လာကြည့်သည့်အခါ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ စာရင်းအရ EV အစီးရေ ၂၇၀၀၀ ကျော်ရှိကြောင်း သိရသည်။ တိုးတက်သုံးစွဲမှုရှိလာသည်။ မြန်မာ့ EV မူဝါဒသည် အစကောင်းခဲ့သည်။ ရေရှည်အောင်မြင်ရန်အတွက် နိုင်ငံတော်ကချမှတ်သည့် မူဝါဒအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်ကြီးများ၏ စုပေါင်းအားဖြင့် ဆက်လက်ချီတက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**လျှပ်စစ်သုံးယာဉ် (EV) သုံးစွဲသူများက နိုင်ငံတော်အနေဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဆိုလာစွမ်းအင်သုံး အားသွင်းရုံ (Solar-Powered Charging Stations) များ နိုင်ငံအနှံ့တည်ရှိလာရေးကို မျှော်လင့်ကြသည်။ After-Sales Service ဝန်ဆောင်မှု ပိုမိုကောင်းမွန်လိုကြသည်။ သုံးစွဲသူများ အလွယ်တကူဝယ်ယူ သုံးစွဲနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ အတိုးနှုန်းသက်သာသော လျှပ်စစ်ယာဉ် ချေးငွေ (Green Loans) စနစ်များလည်း ပေါ်ပေါက်စေလို**

## ဥတ္တရသီရိမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချင်းရွာဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယတိုင်းပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကေခိုင်ဖြိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေက မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပြီး အခြေခံကျန်းမာရေး ဝန်ထမ်းများက ပြည်သူများအား ဆေးစိမ်ခြင်ထောင်များ ပေးဝေခဲ့သည်။

**ကွင်းဆင်းဆောင်ရွက်**

ထို့နောက် ဥတ္တရသီရိရပ်ကွက်အတွင်းရှိနေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရမည်းသင်းခရိုင်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေး



ပျော်ဘွယ် ဇွန် ၁၃

ရမည်းသင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပျော်ဘွယ်မြို့နယ် ရွာသစ်(အနောက်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက CRC(Convention on the Right of the Child)၏ အခြေခံမူ(၄)ရပ်နှင့်အတူ ကလေးသူငယ်တိုင်းရရှိရမည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်ဟူသော အခွင့်အရေးများအား ရှင်းလင်းခြင်း၊ နိုင်ငံတော်အနေဖြင့် ကလေးသူငယ်အခွင့်ရေးများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးနေမှု အခြေအနေများ၊ မသန်စွမ်းကလေးငယ်များရရှိနိုင်သည့် အခွင့်အရေးများ၊ စသည်တို့ကို ကျောင်းသား ကျောင်းသူများနှင့်အတူ အပြန်အလှန် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မက်မန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

မက်မန်း ဇွန် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဆွတ်ဝိုးအုပ်စု အောင်သံလွင်ကျေးရွာ အထက(ခွဲ)တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၃၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ပြီး UID ကတ် မရှိသေးသည့် ကျေးရွာသူ ကျေးရွာသား ၂၀ တို့ကိုလည်း UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✳ Myanmar မှ




Partner ကုမ္ပဏီများနှင့် လက်တွဲခြင်းမှ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၁၅၀၀ နှင့် In-kind တန်ဖိုး ငွေကျပ်သိန်း ၂၃၅၀ ကို လက်ခံရရှိမည်ဖြစ်ပြီး Official Main Partner အဖြစ် Max Energy၊ Official Partners များအဖြစ် Shwe Li Yadanar Estate၊ BYD၊ AYA Pay၊ Pro1 Global၊ Ocean Supercenter၊ J'Donuts၊ Coral Agri၊ Forever Group၊ HEY Play၊ PUMA Energy Drink၊ Dong Luc နှင့် Alpine Drinking Water တို့က ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

**ထောက်ပံ့ပေးသွားမည်**

ကလပ်အသင်းများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပရော်ဖက်ရှင်နယ်စံနှုန်းများ မြှင့်တင်ရေးနှင့် မြန်မာ့အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့အတွက် အထောက်အကူပြုစေရန်ရည်ရွယ်ကာ ယခင်ရာသီများထက် ပိုမိုများပြားသော ငွေကြေး အထောက်အပံ့များ ပေးအပ်မည်ဖြစ်ကာ အခြေခံထောက်ပံ့ငွေအဖြစ် ငွေကျပ်သိန်း ၅၀၀ နှင့် အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပခြင်းနှင့် ဆက်စပ်သော ကုန်ကျစရိတ်များအတွက်လည်း သီးခြားထောက်ပံ့မှု၊ Myanmar Women's League မှ သတ်မှတ်ထားသော Development Criteria များကို ပြည့်မီအောင် ဆောင်ရွက်နိုင်သော ကလပ်အသင်းများအား Club Development Subsidy အဖြစ် အများဆုံး ငွေကျပ်သိန်း ၂၀၀ အထိ ထပ်မံထောက်ပံ့ ပေးသွားမည်ဖြစ်သည်။

ယခုရာသီတွင် ပထမဆုံးအဖြစ် Ranking Subsidy စနစ်ကို စတင်ကျင့်သုံးသွားမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံအသင်းကို ငွေကျပ်သိန်း ၁၀၀၀၊ ဒုတိယအသင်းကို ငွေကျပ်သိန်း ၇၀၀၊ တတိယအသင်းကို ငွေကျပ်သိန်း ၅၀၀၊ စတုတ္ထအသင်းကို ငွေကျပ်သိန်း ၃၀၀၊ ပဉ္စမအသင်းကို ငွေကျပ်သိန်း ၂၀၀၊ ဆဋ္ဌမ အသင်းကို ငွေကျပ် ၁၇၅ သိန်း၊ သတ္တမအသင်းကို ငွေကျပ်သိန်း ၁၅၀၊ အဋ္ဌမအသင်းကို ငွေကျပ် ၁၂၅ သိန်း၊ နဝမအသင်းကို ငွေကျပ်သိန်း ၁၀၀ နှင့် အဆင့်(၁၀)အသင်းကို ငွေကျပ် ၇၅ သိန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့ပြင် AYA Pay ၏ အဓိကပံ့ပိုးကူညီမှုဖြင့် AYA Pay Player of the Match ဆုကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပွဲစဉ်တစ်ပွဲချင်းစီ၏ အကောင်းဆုံးကစားသမားအဖြစ် ဆုကြေးငွေကျပ် ငါးသိန်းအထိ တိုးမြှင့်ချီးမြှင့်မည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ဇွန် ၁၅ ရက်တွင် အသင်း ၁၀ သင်းဖြင့် စတင်ကျင်းပသွားမည်ဖြစ်ပြီး Free-to-air ရုပ်သံလိုင်းများနှင့် Online Streaming တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - စိုးညွန့်သော်**

## ထားဝယ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



ထားဝယ် ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကိုကိုစိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက လွှတ်တော်ရုံးအဆောက်အအုံ၊ ကိုယ်စားလှယ်များ နားနေဆောင်နှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများနှင့် ပိုးစတားကိုယ်ပိုင်စာသင်ကျောင်းအား မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်ဝိုင်ယာများနှင့် လျှပ်စစ်ပစ္စည်းများ၊ ရေစည်/ရေကန်များ၊ မီးသတ်ဆေးဘူးများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❂ **ကနေဒါမှ**

ကနေဒါအသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၈ မိနစ်မှာ လာရင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ကနေဒါအသင်းဟာ လာမယ့်အုပ်စုပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်မှာ ကာတာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘော့စနီးယားအသင်းကတော့ ဆွစ်ဇာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အမေရိကန်အသင်းကတော့ အုပ်စု(D) အဖွင့်ပွဲစဉ်အဖြစ် ပါရာဂွေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အမေရိကန်အသင်းအတွက် သွင်းဂိုးတွေကို ဘိုဘာဒီလာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုး တစ်ဂိုး၊ ဘာလိုဂန်က နှစ်ဂိုးနဲ့ ရေနာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ပါရာဂွေးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ မာရီစီယိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အမေရိကန်အသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဘာလိုဂန်ဟာ ၁၉၃၀ ပြည့်နှစ်က ပါရာဂွေးအသင်းနဲ့ ပွဲစဉ်မှာ ဟက်ထရစ်သွင်းယူခဲ့တဲ့ ပါတီနော့်ဒီနောက်ပိုင်း ကမ္ဘာ့ဖလားပွဲစဉ် တစ်ပွဲတည်းမှာ သွင်းဂိုးတစ်ဂိုးနဲ့အထက် သွင်းယူနိုင်ခဲ့တဲ့ ဒုတိယမြောက်ကစားသမားလည်း ဖြစ်ပါတယ်။

**ယှဉ်ပြိုင်ကစားရမှာဖြစ်**

အမေရိကန်အသင်းဟာ ပါရာဂွေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ်သုံးမှတ်ရရှိခဲ့ပြီး အုပ်စု(D)မှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်အသင်းဟာ လာမယ့်ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၉ ရက်မှာ ဩစတြေးလျအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပါရာဂွေးအသင်းကတော့ ဇွန် ၂၀ ရက်မှာ တူကီယဲအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၆)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးဇေယျာမျိုး [၅/ကသန(နိုင်)၀၃၆၆၄၃] အမည်ပေါက်ဖြစ်ပြီး၊ မြေအမည်ပေါက်ထံမှ ယခုရောင်းသူ ဦးအောင်ဌေးလှိုင် [၁၂/ဥကတ(နိုင်)၁၇၁၅၄၆]က အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ တရားလွှတ်တော်ရှေ့နေ ( စဉ်–၈၇၉၁ )**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက် ၂၊ တောင်ရပ်ကွက်၊ မာန်ပြေ(၃)လမ်း၊ အမှတ်(၈၆၄/က)၊ (၈၆၄/ခ) (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (၆)လွှာ ဝဲဘက်ခြမ်းတိုက်ခန်းရှိ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်ဖြင့် ဦးစိုးမိုးကျော် [၁၂/မဂတ (နိုင်)၁၀၈၆၃၂]က ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိကြောင်း ဝန်ခံကတိပြုပြီး ကာလပေါက်ဈေးအတိုင်း ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုရတနာမောင် [၁၂/ကတတ(နိုင်)၀၃၃၂၁၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယုယုနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၈၃၈)**
**အမှတ်(၂၆)၊ သတိပဋ္ဌာန်လမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း–၀၉–၇၇၄၁၉၄၄၃၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (လေးထောင့်ကန်)၊ ဦးဘဟန်လမ်း၊ တိုက်အမှတ် (၆၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ အခန်းအမှတ်(A–2) အကျယ်အဝန်း (၁၂. ၅ ပေ x ၄၅ပေ)ရှိ ပထမထပ်(မှန်ခန်း)တိုက်ခန်းနှင့် ရေမော်တာတပ်ဆင်ပြီး ရေသုံးစွဲခွင့်နှင့် စက်မီတာသုံးစွဲခွင့်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဒေါ်စန်းစန်းသွယ် [၁၄/ဂခမ(နိုင်)၁၆၁၃၉၆၈] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့ယဉ်နွယ်ထွန်း [၁၂/မဂဒ(နိုင်)၁၆၂၇၃၀]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၃၃၂)**
**ဖုန်း – ၀၉– ၄၅၁၃၇၈၀၀၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၃၀)၊ ဦးပိုင်အမှတ်(၁၆)၊ ၄၈x၄၉ကြား၊ ၁၀၉x ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးကျောင်းယော် [၉/မရမ(နိုင်)၀၇၈၃၃၄]၊ ဦးမျိုးသန်းဝင်း(ခ) သန်းထွန်းဝင်း [၉/ခအဇ(နိုင်)၀၁၈၀၈၅]၊ ဒေါ်ဖြူဖြူဝင်း [၉/ခအဇ(နိုင်)၀၃၉၄၅၅]တို့က အမှုတွဲအမှတ်(၀၅၁၃/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန–၃)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၇x၆၈ ကြား၊ ၁၃၂x၁၃၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျင်လှိုင်၏ (SP ရရှိသူ ဦးကျော်ဆွေ)ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၇၃/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မင်းမင်းထွန်း [၉/ပကခ(နိုင်)၀၀၅၂၀၉]ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၅၀၅/၂၀၂၆–၂၀၂၇)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း–၆)၊ ဦးပိုင်အမှတ်(၁၇၇–ခ)ခဲစင်းတောင်ခြမ်း၊ ၆၇(A)လမ်း၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံး [၁၃/မမတ(နိုင်)၀၀၂၆၃၆]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တွင် ဖွင့်လှစ်ထားသော ရန်ကုန်ပညာရေးအကယ်ဒမီ (YEAC) ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော အဖ ဦးအောင်ကျော်ဦး၏သားဖြစ်သူအား မောင်စိုးဆင့်ဟုခေါ်တွင်နေကြသဖြင့် ၎င်း၏အမည်နာမအမှန်မှာ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းတို့တွင် မောင်အောင်ကျော်လွင် ဖြစ်ပါသဖြင့် ယနေ့မှစ၍ ၎င်းအား အမည်မှန်ဖြစ်သည့် မောင်အောင်ကျော်လွင်ဟုသာပြောင်းလဲခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်မောင်သိန်း (B.A, RL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၅၃၃၈)**
**ဖုန်း– ၀၉–၅၀၇၆၁၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၆) ရပ်ကွက်၊ အမှတ်(၆၃) ရှိ အလျား(၄၀ပေ)xအနံ (၆၀ပေ) ပါမစ်မြေဟုခေါ်တွင်ပြီး ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးလှဲ့လှဲ့ဦး [၁၂/အလန(နိုင်)၀၂၄၂၈၀] ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်တင်တင်ဦး [၁၂/လမန(နိုင်)၀၂၂၃၉၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဦး**
**၀၉–၄၂၅၃၀၂၁၃၅၊ ၀၉–၇၇၀၀၆၀၈၁၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂) ရပ်ကွက်၊ မြေကွက်အမှတ် – ၁၇၀၆၊ ဦးစိုးတင့် [၁၂/ကမရ (နိုင်)၀၀၉၃၈၆] အမည်ပေါက် (အလျား ၄၀ x အနံ ၆၀)ပေ အကျယ်အဝန်း အနက်မှ(အလျား ၂၀ xအနံ ၆၀)ပေ (မြေကွက်အမှတ်–၁၇၀၇နှင့် ကပ်လျက်ဘက်ခြမ်း) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် မိမိတစ်ဦးတည်းဝယ်ယူ ပိုင်ဆိုင်၍ တရားဝင် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဒေါ်သီတာဝင်း [၁၂/ဒဂတ(နိုင်)၀၂၉၉၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့ဝင်း [၁၂/သကတ(နိုင်)၀၀၆၁၀၉] က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြိုးသီဂီ (LL.B, DIL)**
**အထက်တန်းရှေ့နေ (စဉ် – ၅၆၇၅၄)**
**အမှတ်– (၁၆၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၉၇၉၇၂၇၂၉၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ–၇)၊ ဦးပိုင်အမှတ်(၂၁–က)၊ ၄၇x၄၈ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်မာ[၉/မရမ(နိုင်)၀၀၇၆၀၂]၊ MTA–၁၆၆၅၅၁၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၂၅၀/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစုန်ရင့် [၁၃/ နခန(နိုင်)၀၄၂၀၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀–၄)၊ ဦးပိုင်အမှတ်(၉၄)၊ ၇၁x၇၂ကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းမြင့်ဌေး [၁၃/နခန (နိုင်)၀၃၃၆၂၇]က အမှုတွဲအမှတ်(၀၅၀၇/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ–၈)၊ ဦးပိုင်အမှတ်(၁၁၀)ခဲစင်း၊ ၆၇x၆၈ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်အေး [၉/မနမ(နိုင်)၀၅၄၅၂၃]က အမှုတွဲအမှတ် (၀၄၉၄/၂၀၂၆–၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြဝတ်ရည်(၃)လမ်း၊ အမှတ်(၂၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၄/ကံဘဲ့)၊ မြေကွက်အမှတ် (၄၁ /ည–၁–E–က–၂)၊ ဧရိယာ(၀.၀၃၆)ဧကနှင့် မြေကွက်အမှတ် (၄၁–ဉ၁–A၁)၊ ဧရိယာ (၀.၀၆)ဧကရှိ မြေပိုင်မြေ လ/န ၃(ခ) ရပြီး မြေအမျိုးအစားမြေကွက် (၂)ကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်အမှတ် (၈၁၆၃ /၂၀၂၅) (၂၈–၁၀–၂၀၂၅) နှင့် (၈၁၆၄/၂၀၂၅) (၂၈–၁၀–၂၀၂၅)တို့အရ ဒေါ်စန်းခင် (ခ)ဒေါ်မဥ္ဇူသင်း [၁၂/လသန (နိုင်)၀၀၀၄၉၈]မှ မိမိတစ်ဦးတည်း အမည်ပေါက်၍လက်ဝယ်ထားပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ ( ၇ )ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် –၁၂၄၆၈)**
**အမှတ် –၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉ –၄၂၀၀၅၇၄၉၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ–၂)၊ ဦးပိုင်အမှတ်(၁၃+၁၄)၊ ၅၇x၅၈ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးသွင် [၅/မရန (နိုင်)၀၀၁၄၉၄]က အမှုတွဲအမှတ်(၀၅၀၁/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀–၄)၊ ဦးပိုင်အမှတ်(၈၃)၊ ၇၁x၇၂ကြား၊ ၁၁၄x၁၁၅ လမ်း ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမြင့်ဌေး [၁၃/နခန(နိုင်)၀၃၃၆၂၇] က အမှုတွဲအမှတ် (၀၅၀၆/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ သုံးဆယ် အထက Grade–9 မှ မရွှန်းလင်းမေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း [၁၃/နခတ(နိုင်)၀၈၂၉၅၉] ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လင်း**

## အမည်မှန်

နောင်ချိုမြို့၊ အထက–၁မှ Grade–12 တက်ရောက်မည့် အဖ ဦးစိုးမြင့်ဇော်၏ သမီးအမည်မှန်မှာ မနန်းဥမ္မာ ဖြစ်ပါကြောင်း။

**မနန်းဥမ္မာ**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃) ကျောင်း၊ Grade–5 မှ နန်းဟွမ်အေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ခမ်း [၁၃/ကမန(နိုင်)၀၉၉၂၈၆] ဖြစ်ပါကြောင်း။

**ဦးစိုင်းအောင်ခမ်း**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၉–၆–၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ (စာ – ၂၂)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးရွှေ၏ "မီနီကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း" ကြော်ငြာစာတွင် "ကားပါကင်(၁)နေရာစာ"ပါဝင်ကြောင်း ထည့်သွင်းကြေညာမိပါသည်။ အမှန်တကယ် ကြော်ငြာစာပါအတိုင်း အရောင်း၊ အဝယ်ပြုသည်မှန်သော်လည်း "ကားပါကင်(၁)နေရာစာ"အား ထည့်သွင်းရောင်းချခြင်းမရှိပါကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၃၀၄)ကိုမူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဝင်း [၁၂/လမန(နိုင်)၀၇၃၅၅၄]ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဝေဝေလွင် [၉/ကပတ(နိုင်)၂၀၂၆၀၇]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ မြေကွက်အမှတ် ( ၂၂၀ )၊ အောင်စည်းစိမ်လမ်း၊ ( ၁၀ x ၆၀ ) ပေ အကျယ်အဝန်းရှိ ဦးဟန်ထွန်းအောင် အမည်ဖြင့်ချထားပေးသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးယဉ်ထွေး [၁၂/ဥကတ(နိုင်)၀၉၄၃၉၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံ သည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်း အဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးရန်အောင်စိုး**
**(အထက်တန်းရှေ့နေ) (စဉ်– ၅၁၂၈၄)**
**အမှတ် (၂၂၆)၊ သဇင်လမ်း၊ (၄၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉– ၇၉၈၂၈၅၄၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၅၃)၊ ၃၆x ၃၇ကြား၊ ၈၃x ၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးပြည့်အောင် MDYSE–၀၂၆၉၈၄ ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၈၁၉/၁၉၉၈) ဖြင့်ဝယ်ယူခဲ့သူ ဦးအောင်သိန်း MDYNE–၀၀၀၅၀၃ [၉/မရမ(နိုင်)၀၆၃၁၉၃]၊ ဒေါ်မြင့်မြင့်ကြည် [၉/မရမ(နိုင်)၀၄၂၄၄၁] တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈(ပဲမှီကုန်း)၊ မြေကွက်အမှတ် (၇၉/ဃ)၊ မြေအမျိုးအစား-B၊ မြေပိုင်မြေ (လ/န - ၃၉) အိမ်ရာမြေရပြီး၊ မြေကွက်ကြီးအနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် နောက်ဆက်တွဲမြေပုံကြမ်းတွင် အရောင်ခြယ်ထားသည့် မြေကွက်၊ အကျယ်အဝန်း (၀. ၀၃၆၆၈)ဧက မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုသူ Palm Hill Estate Co.,Ltd(RGNo.138209837) ၏ ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဦးကျော်ကျော်နိုင် [၁၂/အလန(နိုင်)၀၀၀၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်ချစ် [၁၂/လမတ(နိုင်) ၀၁၆၁၃၉] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သရဖီမြင့်ဆွေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၇၆)**
**အမှတ် (၄၃)၊ ပျဉ်းမနားမြို့နယ်တရားရုံးလမ်း၊ ဘိုကုန်းမြို့နယ်၊ နေပြည်တော်**

## "ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြှောင့်လမ်း၊ အမှတ် (၈) ၊ ၃ လွှာ (ညာ)၊ အကျယ်အဝန်း (အလျား ၁၂ ½ ပေx အနံ ၄၅ ပေ)ရှိ ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်မီတာအပါအဝင် တိုက်ခန်းတစ်ခန်း အတွင်း တပ်ဆင်ထားသောပစ္စည်းများ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို ရောင်းချသူ ဒေါ်ခင်စန္ဒာလင်းကျော်ဇံ [၁၂/မဂတ(နိုင်)၀၁၅၀၆၉] ကိုင်ဆောင်သူမှ အဆိုပါတိုက်ခန်းအားမိမိသာလျှင်လက်ဝယ် ပိုင်ဆိုင်ရောင်းချ ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေတို့က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင် သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီး မြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းမင်းလွင် [၇/တငန(နိုင်)၁၆၆၈၆၅] နှင့် ဒေါ်ဟေမာလွင်(ခ) မသီတာလွင် [၇/တငန(နိုင်)၁၆၆၈၆၆]တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီအေး**
**LL.B, D.I.R, D.I.L, D.M.L,D.L (101), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၅၆)**
**ရုံးအမှတ်(၉/၁၁)၊ (၁၀၁-D)၊ ပထမထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၂၀၃၃၃၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁၀၉၆/ခ )ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ်(၁၀၉၆/ခ )၊ ဧရိယာ(၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးအေးကို [၁၀/ပမန(နိုင်)၁၀၅၁၃၅]နှင့် ဒေါ်သီသီဝင်း [၅/တဆန(နိုင်)၁၀၉၉၁၉] တို့အမည် များဖြင့် အမည်ပေါက်မှတ်သား တည်ရှိပါသည်။ မြေအမည်ပေါက်သူများက ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက် ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၂၆၈ (မြေညီထပ်)၊ ဘုရားလေး(၁)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂ ၊ ၀၉-၇၉၈၅၉၅၅၀၅**

## ဒေါ်စန်းစန်းမြင့် [၁၂/သလန(နိုင်)၁၇၂၃၂၅] (၁၅-၂-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာပါအများသိစေရန် သတိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့်၊ အမှတ် (၂၆) ဟုခေါ်တွင်သည့် ဦးပိုင်အမှတ် (၈၅) ဂရန်မြေကွက်ရှိ (၁၄) ခန်းတွဲ အဆောက်အအုံအခန်း အမှတ် (၃)တွင် နေထိုင်သူ ဒေါ်စန်းစန်းမြင့် [၁၂/သလန(နိုင်)၁၇၂၃၂၅]၏ လွှဲအပ် ညွှန်ကြားချက်အရ ကြေညာထားသည့် အများသိစေရန်သတိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းလိုက်မည်ဖြစ်ပါသည်။

၁။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦရှိ ဒေါ်ရှေင်၊ ဒေါ်မြသိန်းတို့၏အမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းမြင့် [၁၂/သလန(နိုင်) ၁၇၂၃၂၅] ကိုင်ဆောင်သူအား(၁၅-၂-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာရှိ အကြောင်းအရာ ကိစ္စများကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းမြင့်မှ ကျေနပ်လျက်ရှိသောကြောင့် (၁၅-၂-၂၀၂၆)ရက်စွဲ ကြေးမုံသတင်းစာပါ အကြောင်းအရာများကို ကျွန်ုပ်မိတ်ဆွေ၏သဘောဆန္ဒအရ ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဒေါ်ရှေင်၊ ဒေါ်မြသိန်းတို့၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိ သူတို့သည် အထက်ပါ မြေကွက်နှင့် အဆောက်အဦအား အရောင်းအဝယ် စာချုပ် ချုပ်ဆိုခြင်း၊ မြေပုံမြေရာဇဝင် များကူးယူခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ခွင့် စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်လျှောက်ထားခြင်း၊ ကန်ထရိုက်တာများနှင့် အကျိုးတူ အဆောက်အဦသစ် ဆောက်လုပ်ရန် စာချုပ် ချုပ်ဆို ခြင်း၊ သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာနတို့တွင် စာချုပ်စာတမ်းများ ပြုလုပ်ချုပ် ဆိုခြင်းတို့ကို ကျွန်ုပ်မိတ်ဆွေဒေါ်စန်းစန်းမြင့်မှ တားမြစ်ရန် အကြောင်းတစ်စုံတစ်ရာ မရှိတော့သည့်အတွက် ထပ်မံ၍ အများသိစေရန် ကြေညာအား ရုပ်သိမ်းလိုက်ပြီဖြစ် ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယုယုနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၈၃၈)**
**အမှတ် (၂၆)၊ သတိပဋ္ဌာန်လမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း - ၀၉ - ၇၇၄၁၉၄၄၃၀**

## မွေးသက္ကရာဇ်နှင့်နိုင်ငံသားစိစစ်ရေးနံပါတ်အမှန်

သထုံမြို့နယ်၊ ကတိုက်ကလေးကျေးရွာနေ (ဘ)ဦးဘမောင်၏ သမီး ဒေါ်တိုးကြည်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၁၀-၁၉၆၄) နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်မှာ [၁၀/သထန(နိုင်)၀၅၂၇၇၂] ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ ကျွန်းတောရပ်ကွက်၊ ကန်သာယာ (၈)လမ်းနေ ဦးကျော်စိုး (ဘ) ဦးသာအေး၊ မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်) ၀၀၃၄၄၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပလွန်စာကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ ဦးချမ်းမြေ့အောင် (ဘ) ဦးအုန်းရွှေ၊ မှတ်ပုံတင်အမှတ် [၁၄/မမက(နိုင်) ၃၄၄၆၃၆] ကိုင်ဆောင်သူနှင့် ဒေါ်စန္ဒာဝင်း (ဘ) ဦးကော်နီ၊ မှတ်ပုံတင်အမှတ် [၁၄/မမက (နိုင်) ၁၇၅၃၀၅] ကိုင်ဆောင်သူတို့မှ ၎င်းတို့နေထိုင်ပိုင်ဆိုင်လျက်ရှိသော (အလျား ၁၀၀ပေx အနံ ၄၁ပေ)ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်စိုး (ဘ) ဦးသာအေး [၁၂/တတန(နိုင်) ၀၀၃၄၄၅] ကိုင်ဆောင်သူထံသို့ ဂုဏ်သရေရှိလူကြီးလူကောင်း ရပ်မိရပ်ဖများရှေ့မှောက်တွင် (၂–၁၂–၂၀၂၅) ရက်စွဲပါ အိမ်ခြံမြေကတိပြုပေးခြင်းစာချုပ်ဖြင့် လက်မှတ်ရေးထိုး လက်ရောက်လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်းနှင့် ပေးအပ်ပြီးသော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ ပတ်သက်စပ်ဆိုင်ခြင်း၊ အကျိုးခံစားခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နီနီလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၉၄၂)**
**မင်္ဂလာလမ်း၊ အိုးဖိုအရှေ့ရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၁၁၃၀၉၁၉၊ ၀၉–၇၉၉၅၁၉၉၃၅**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စိုက်ပျိုးရေး(၁)လမ်း၊ စဉ့်ငူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၀၀-B)၊ မြေကွက်အမှတ်-(၁၇)၊ အကျယ်အဝန်း-(၁၃၅ပေ x ၁၈ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား(၁၉-၆-၂၀၀၈)ရက်စွဲပါ "အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"နှင့် (၂၅-၆-၂၀၁၆)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်"များအရ ယခု ရောင်းချသူ ဒေါ်မေသင်းခိုင်[၁၂/အစန(နိုင်)၀၀၂၇၉၂]နှင့်

(၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စိုက်ပျိုးရေး(၁)လမ်း၊ စဉ့်ငူရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၀၀-B)၊ မြေကွက်အမှတ်-(၅၈)၊ အကျယ်အဝန်း-(၇၅ပေ x ၂၂ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁၆-၁၁-၂၀၀၆)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်"နှင့် (၁၃-၁၂-၂၀၀၇)ရက်စွဲပါ "အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"များအရ ယခု ရောင်းချသူ ဒေါ်ဖြူဖြူခိုင် [၁၂/အစန(နိုင်)၁၉၀၃၁၀]တို့မှ အသီးသီးဝယ်ယူပိုင်ဆိုင်လာကြပြီး ယခုရောင်းချသူ(၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကိုအသီးသီး ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍(၇)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းနိုင် [LL.B,C.B.L,WIPO DL-101(GENEVA)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၆၈၁၄၅၁၄၉၀**

## ဘဏ်ပေါင်ချေးငွေအတွက် အပေါင်အာမခံ တင်သွင်းထားသည့် အောက်ဖော်ပြပါကွန်ဒိုတိုက်ခန်းများအား ချေးငွေပေးဆပ်၍ ရွေးနုတ်ခြင်း မပြုမီ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိုင်ဆိုင်မှု တစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံခြင်း၊ စီမံခန့်ခွဲခြင်းများမပြုလုပ်ရန် Three Yangon Star Co.,Ltd ၏ ဒါရိုက်တာများဖြစ်သော ဒေါ်သူဇာဝင်း [၁၂/စခန(နိုင်)၀၅၀၄၆၂]၊ ဦးလှမြင့် [၁၂/စခန(နိုင်)၀၁၅၈၉၄]တို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (မရမ်းကုန်းဘဏ်ခွဲ) မန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ Three Yangon Star Co.,Ltd ၏ ဒါရိုက်တာများဖြစ်သော ဒေါ်သူဇာဝင်း၊ ဦးလှမြင့်နှင့် အများသိစေရန်ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်-(၃)နေ ဒေါ်သူဇာဝင်း [၁၂/စခန(နိုင်) ၀၅၀၄၆၂] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာ ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်- (၂/အေ)နေ ဦးလှမြင့် [၁၂/စခန(နိုင်) ၀၁၅၈၉၄] တို့သည် Three Yangon Star Co.,Ltd ၏ အစုရှယ်ယာရှင် ဒါရိုက်တာများဖြစ်ကြပြီး သတ္တုတွင်းဝန်ကြီးဌာနမှ ရောင်းချသည့် ကတ်သုတ် ကြေးနီ (၉၉.၉၉%) အဆင့်-A မက်ထရစ်တန် (၅၀၀၀) အား ဝယ်ယူရန် အကြောင်းပြလျက် ကျွန်ုပ်အမှုသည် ဘဏ်ထံမှ အပေါင်ချေးငွေများကို ချေးငှားရယူခဲ့ကြပါသည်။

ယင်းဘဏ်ချေးငွေများအတွက် ကုမ္ပဏီဒုဥက္ကဋ္ဌ ဦးလှမြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့် တို့ပိုင်ဆိုင်သော ပစ္စည်းများအနက် (၇-၁-၂၀၁၇) ရက်စွဲပါ မိသားစုစီမံမှု အမွေကြိုတင်ပေးအပ်ခြင်း သဘောတူစာချုပ် အရ ဦးလှမြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းမြင့်တို့၏ သမီးကြီးဖြစ်သူ Three Yangon Star Co., Ltd ဥက္ကဋ္ဌ ဒေါ်သူဇာဝင်း ပိုင်ဆိုင်ခွင့်ရှိသော အောက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း (၄)ခန်း၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများကို ကျွန်ုပ်အမှုသည် ဘဏ်၌ အပေါင်အာမခံအဖြစ် တင်သွင်း ထားရှိခဲ့ကြပါသည်။

**အပေါင်အာမခံအဖြစ် ပေးအပ်ထားသော Three Yangon Star Co., Ltd ဥက္ကဋ္ဌ ဒေါ်သူဇာဝင်း ပိုင်ဆိုင်သည့် Condo တိုက်ခန်းများ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ Khatter Circuit Condo (၂)ခန်းတွဲ၊ Base Ment + (၈) ထပ်တိုက်၊ RC တိုက်အမှတ်-(၂အေ/၂)ရှိ -

(၁) Ground Floor (A) [မြေညီထပ် (၁၈၄၅ စတုရန်းပေ) + ထပ်ခိုး (၇၄၂.၅ စတုရန်းပေ)] ပါအခန်း (၁)ခန်း
(၂) ၆လွှာရှိ အခန်းအမှတ်-[၆အေ (၁၈၇၀ စတုရန်းပေ) + ၆ဘီ (၁၉၇၁ စတုရန်းပေ] ရှိအခန်း(၂)ခန်း
(၃) အခန်းအမှတ် (Penthouse) (A နှင့် B) (၁၄၄၀ စတုရန်းပေ) နှင့် ရှေ့+နောက်+နှစ်ဖက်ဝရန်တာ (၁၉၉၈ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

သို့ဖြစ်ရာ အဆိုပါပစ္စည်းများ၏ ပိုင်ရေးပိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့် အရပ်ရပ်သည် ကျွန်ုပ်မိတ်ဆွေဘဏ်၌သာရှိနေပါသည်။ ယခုအခါ ဘဏ်ချေးငွေများကို သတ်မှတ်ထားသော ချေးငွေသက်တမ်းကာလ ကျော်လွန်နေသည့်တိုင် ပေးဆပ်ရန် ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် ဒေါ်သူဇာဝင်း၊ ဦးလှမြင့် နှင့် Three Yangon Star Co.,Ltd တို့အပေါ် ဥပဒေအရ တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်လျက်ရှိသော ကြောင့် ကျွန်ုပ်၏အမှုသည် ဘဏ်တွင် တင်သွင်းထားသော အောက်ဖော်ပြပါ အပေါင်အာမခံပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိုင်ဆိုင်မှုတစ်နည်းနည်းဖြင့် လွှဲပြောင်း လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေကြည်ခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၆၁၈/၁၈-၅-၂၀၁၀)**
**အမှတ်-၁၁၈/၇-လွှာ(ညာ)၊ ၄၆-လမ်း(အထက်)၊ ၁၀-ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5113828**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလုံးချင်းအိမ်ရာ၊ ရွှေစင်(၃) လမ်း၊ မြေကွက်အမှတ် (၄၆၂)၊ အိမ်အမှတ်-၇၆ ဟုမှတ်သားတည်ရှိသည့် အလျား (၄၃/၈၀)ပေ x အနံ (၆၀/၇၀)ပေ အကျယ်ရှိ မြေနှင့်နေအိမ် အဆောက်အဦအား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စမ်း [၁၂/စခန(နိုင်)၀၁၅၀၆၉]ထံမှ ယင်းမြေနှင့် နေအိမ်အား အပြီးအပိုင် ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးသန်း [၇/အဖန(နိုင်)၀၀၁၂၀၈] မှ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်ထိတိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးမိုးသန်း [၇/အဖန(နိုင်)၀၀၁၂၀၈] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**ဖုန်း- 09-783667522,09-421065415**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်-၇၉၁/က+၇၉၂/ခ၊ ဧရိယာ (၂၀x၆၀)ပေ စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက် (၂) ကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဒဂုံတောင်မြို့နယ်၊ (၇၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်-၇၉၁/က နှင့် ၇၉၂/ခ ဟုခေါ်တွင်သော နေအိမ်များအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် ဦးမြင့်မောင် [၉/ညဥန(နိုင်)၀၁၆၃၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်း ရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများ အား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၆၉၂၂၉၉၅၆၃၊ ၀၉- ၄၂၈၆၃၀၇၀၄**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်-(၂၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅) ထပ်တိုက်အဆောက်အဦ၏ ပထမထပ်၊ အခန်း(D)၊ အကျယ်အဝန်း(၁၃½ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ **ဖရန်စစ်(စ်)[၁၃/သပန(နိုင်)၀၃၈၉၉၆]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော **ဒေါ်သီတာခိုင်[၁/မကန(နိုင်)၀၂၉၀၆၉]၊ ဒေါ်အေးအေးငယ်[၁/မကန(နိုင်)၀၂၉၀၇၀]**နှင့် **ဒေါ်စုစုလှိုင်[၁/မကန(နိုင်)၀၂၉၁၁၁]**တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို **(၁၁-၆-၂၀၂၆)**ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်း အဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ**
**ဒေါ်တင်အိခိုင် (LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၀၁/၃၁-၁-၂၀၁၄)**
**အမှတ် (၆၃)၊ ပထမထပ်၊ သမာဓိ (၄)လမ်း၊ ဆ/ကရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၄၅၀၅၃၊ ၀၉-၇၉၆၁၈၉၂၅၀**

## ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေလိခလမ်း၊ အမှတ်(၄၄)နေ **ဖရန်စစ်(စ်)[၁၃/သပန(နိုင်) ၀၃၈၉၉၆]** သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်-(၂၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ အခန်း (D)၊ အကျယ်အဝန်း (၁၃½ ပေ x ၅၅ ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို **၂၀၀၀ပြည့်နှစ်၊ မေလ (၃)ရက်**နေ့ ရက်စွဲပါ **"အခန်းပျောက် အရောင်းအဝယ် သဘောတူစာချုပ်"** ဖြင့် **ရောင်းချသူ ဒေါ်ခင်မျိုးလတ်**ထံမှ အပြီးအပိုင် ဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် အဆိုပါတိုက်ခန်းအား ယနေ့ အချိန်ထိ တရားဝင် လက်ရှိထားပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ချက်အရ**
**ဒေါ်တင်အိခိုင် (LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၀၁/၃၁-၁-၂၀၁၄)**
**အမှတ် (၆၃)၊ ပထမထပ်၊ သမာဓိ(၄)လမ်း၊ ဆ/ကရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၄၅၀၅၃၊ ၀၉-၇၉၆၁၈၉၂၅၀**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၃)၊ မြေကွက်အမှတ်(၆၆၃/က)ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဦးသိန်းအောင် [၁၂/မဂဒ(နိုင်)၀၃၅၂၈၈]၊ ISN-443074 အမည်ပေါက်ပါမစ် (မူရင်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ် စာချုပ်များဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ရောင်းချသူ ဒေါ်မြင့်သီတာထွန်း[၁၂/ဒလန(နိုင်)၀၃၁၃၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမိစံ[၈/ခမန(နိုင်)၁၁၄၂၇၈]က(၉-၆-၂၀၂၆)ရက်နေ့တွင်"နှစ်ဦးသဘောတူ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ရောင်းဖိုးငွေ အပြည့်အဝပေးချေကာ အပြီးအပိုင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဖြစ်ကြောင်းနှင့် အဆိုပါခြံမြေကွက်၊အဆောက်အဦနှင့်ပတ်သက်၍ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိသူမှာကျွန်ုပ်၏မိတ်ဆွေဒေါ်အေးမိစံသာဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး(LL.B,D.I.L)** — **ဒေါ်လှဲ့လှဲ့ဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၇၉၇)**
**အမှတ်(၉၅၄/က)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁**



## လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေးနှင့် အရံစေတီတော် (၁၁၇)ဆူ၏ ရွှေထီးတော်နှင့် ရွှေသင်္ကန်းများ ကပ်လှူနိုင်ရေး နှိုးဆော်လွှာ

မရမ်းကုန်းမြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးကို လုံးတော်ပြည့် ရွှေစင်သင်္ကန်းကပ်လှူပူဇော်ခြင်း၊ အရံစေတီတော် (၁၁၇)ဆူ၏ ရွှေထီးတော်နှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော် နိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလအလွန်တွင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။

စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရာတွင် ရွှေဆိုင်း (၂၅)ဆိုင်းလျှင် ကျပ် (၁)သိန်း၊ ရွှေဆိုင်း (၅၀)ဆိုင်းလျှင် ကျပ် (၂)သိန်း၊ ရွှေဆိုင်း (၁၀၀)ဆိုင်းလျှင် ကျပ် (၄)သိန်းနှုန်း၊ အရံစေတီ ထီးတော်တစ်လက်လျှင် ကျပ် (၁၀/၁၃)သိန်း၊ ရွှေဆေးသင်္ကန်း (ရေဆေး) (၉)သိန်း/ (၁၃)သိန်းခန့်နှင့် ရွှေအစစ် (၇၅)သိန်းခန့်ဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ- လွန်တွင် ကပ်လှူပူဇော် သွားမည်ဖြစ်ပါသဖြင့် အရံစေတီတော်မှုလ အလှူရှင်များမှ ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်း နိုင်ပါရန်နှင့် လှူဒါန်းလိုသော အလှူရှင်များမှ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော် လိုက်ရပါသည်။

Scan the MMQR here
Kyiet Wine Pagoda

ဥက္ကဋ္ဌ
ဦးအေးမြင့်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ရုံးအဖွဲ့
၀၉ - ၇၉၆၇၆၆၉၀၂
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၁)လမ်း၊ မြေကွက်အမှတ်(၁၄၅) ဟုခေါ်တွင်သော စလစ်မြေအမျိုးအစား မြေအကျယ် ပေ(၄၀)xပေ(၆၀)ရှိ မြေကွက် နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြတ်မင်းဟိန်း(ခ) ဦးမင်းခန့်[၁၂/တမန(နိုင်)၁၀၂၅၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြိုင်[၁၂/သကတ(နိုင်)၁၅၃၃၈၂] ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးစန္ဒာစိုး တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၁၀၇၀**
**(LL.B, D.B.L, WIPO Switzerland)**
**အမှတ်(၇/ခ)၊ ရှုခင်းသာမြို့ပတ်လမ်း၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ် ၊ ရန်ကုန်မြို့။**
**(Ph:09-421717925)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရေဝဏ်လမ်း၊ ရေချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(7-B)၊ ၆-လွှာ၊ အခန်းအမှတ် (၀၆-၁၆၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးနေဦး[၉/မမန(နိုင်)၀၁၂၉၂၀]အမည်ဖြင့် တည်ရှိနေပြီးငှင်းမှ လက်ရှိထားပိုင်ဆိုင်ကြောင်း တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ဦးနေဦး၏ကိုယ်စား ဦးဇာနည်အောင်[၁၂/မဂတ(နိုင်)၀၈၄၅၉၇] ထံ ပေးချေထားပြီး ဖြစ်သောကြောင့် အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ပပခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀၂)**
**အမှတ်(၅၇၈-က)၊ စိန်ပန်း၈လမ်း၊ (၁၉/၄၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၀၂၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ သီဟလမ်း၊ မြေကွက်အမှတ် (၆၃)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)ရှိ ဦးပြုံးချို အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (၆-လွှာ) (ခြေရင်းခြမ်း)ဟုခေါ်တွင်သည့်အခန်း အကျယ်အဝန်း (အလျားxအနံ)(၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင်ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်တင်သန်း [၁၂/မဂတ (နိုင်)၁၂၁၄၈၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၁၁-၆-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့် ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်နီလာဦး LL.B, D.B.L, B.D.S (MOFA) (Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)**
**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ -၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတမြို့နယ်၊ ဝေဇယန္တာ(၁၈)လမ်း၊ အရှေ့(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၆)၊ မြေကွက်အမှတ်-၈၀၆(ခ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်သန်းသန်းမြင့်အမည်ဖြင့် ထွက်ရှိထားသော နှစ်(၆၀)ဂရန်မူရင်း အလျား၂၀ပေx အနံ၆၀ပေ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်၊ မီတာအပါအဝင် မြေပေါ်အကျိုးခံစားခွင့်အားလုံးကို ဒေါ်သန်းသန်းမြင့် [၁၂ /လမတ(နိုင်)၀၀၇၁၂၇] က လက်ရောက်နေထိုင်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ထိုက်လွင် [၁၂/ဥကတ(နိုင်)၁၄၀၈၀၇]က ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထိုက်ထိုက်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးသဉ္ဇာဦး(LL.B,CBL,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၇၉)၊ မြေကွက်အမှတ်(၁၇၃၇)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးကျော်ရှိန် အမည်ဖြင့်ထွက်ရှိထားသော ပါမစ်မူရင်း၊ ဧရိယာ(၄၀x ၆၀)ပေ ပါမစ်မြေကွက်နှင့် ယင်းမြေ၏ မြေပေါ် အကျိုးခံစားခွင့်အားလုံးကို ဦးဇော်ထူးအောင်[၁၂ /ဒဂဆ(နိုင်)၁၉၉၈၁၉] က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ဦး[၁၁/ရဗန(နိုင်)၀၈၄၀၁၂]က ဝယ်ယူရန်အတွက် ယုံကြည်စွာရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ အိမ်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LL.B,CBL,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ယုဇန(၁)လမ်း၊ အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ မြေကွက်အမှတ်(ဘီ/၂၂)၊ ဧရိယာ(၀.၀၅၅)ကေအကျယ်ရှိ ဂရန်အမှတ်တွဲအမှတ်-RPNO-85 V/2000-2001 အရ ဒေါ်ဝင်းဝင်းမြင့် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ဧရိယာ (၀. ၀၂၈)ကေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အမှတ် (၈၃/၂၀၂၁)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းသန်းထွေး (ဘ)ဦးဘအောင်[၁၂/သလန(နိုင်)၀၀၉၈၉၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုဟာမက်မိုဟီဒင် (ဘ) ဦးမိုဟာမဒ်အီစွတ်[၁၂/မဂတ(နိုင်)၀၆၇၅၂၁]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့် မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **၀၉-၄၂၁၀၅၃၁၁၀** | **၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း)သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၇)၊ ဦးပိုင်အမှတ်(၁၇-က)၊ ဧရိယာ(၀. ၀၃၂၉) ဧက၊ မျက်နှာပွင့်အရှေ့-အနောက်(၃၇)ပေ၊ တောင်-မြောက်(အရှေ့ဘက်ခြမ်း) (၆၀)ပေ၊ တောင်-မြောက်(အနောက်ဘက်ခြမ်း)(၅၄)ပေ အကျယ်အဝန်းရှိမြေကွက် အတွင်းမှ အနောက်ဘက်ခြမ်းဧရိယာအရှေ့အနောက်(မျက်နှာပွင့်) (၁၉)ပေနှင့် တောင်-မြောက် (အရှေ့ဘက်ခြမ်း) (၆၀)ပေ တောင်-မြောက်(အနောက်ဘက်ခြမ်း) (၅၄)ပေ(မျက်မြင်အရှိအတိုင်း) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမြဝင်း (ဘ) ဦးဝင်း[၉/မရတ(နိုင်)၀၂၄၄၆၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဖြူမာ (LL.B) (LL.M)** | **ဒေါ်ယဉ်မွန်အေး (LL.B)(DBL)** |
| **(စဉ်-၉၇၂၈/၂၀၁၄)** | **(စဉ်-၁၆၄၁၇/၂၀၁၉)** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ဒေါ်ဖြိုးဖြိုးသန့် (LL.B)** | **ဒေါ်ခိုင်ဖြူနှင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၂၀၀၁၄/၂၀၂၅)** | **(စဉ်-၅၆၂၆၉/၂၀၂၄)** |

**ကျွဲဆည်ကန်(၁၁၅)လမ်း၊ ရန်မန်းလမ်းသွယ်(၂)၊ ငွေတော်ကျီကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၂၆၂၅၁၀၇**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ မုဒိတာ(၂)လမ်း၊ မြေကွက်အမှတ်(၁၇၇) ၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့် ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသူဖြစ်သည့် ဦးစန်းမြင့်ဦး[၉/ညဥန(နိုင်)၁၄၆၈၆၇]ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်အေးစန္ဒာမြင့်[၁၄/ကကန(နိုင်)၁၁၉၀၇၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့ သတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်(B6)၊ အခန်း(401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၁၆/တ)၊ ညောင်သုံးပင်ကျေးရွာ၊ ရွှေမေတ္တာ(၂)လမ်း၊ အမှတ်(၁၃၂၀)ဟုခေါ်တွင်သော ဒေါ်နွယ်နွယ်ဝင်း အမည်ပေါက် မြေကွက်အတွင်းမှ (အလျား ၂၀ ပေxအနံ၆၀ပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခံနေအိမ်(ရေ + လျှပ်စစ်မီတာ)အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ ဦးသန်းထွန်း်ဝင်း [၁၂/ဒပန(နိုင်)၀၃၇၀၁၇]နှင့် ဒေါ်သီတာအောင်[၁၂/ဒပန(နိုင်)၀၄၁၃၅၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရွှေဇင်[၁၂/သလန(နိုင်)၀၁၉၉၆၃]က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မျိုးဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၂၇၅၄)**
**PH:09-31129462, 09-880652867**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်(၃၆၂)၊ အကျယ်အဝန်း ဧရိယာ(၀.၀၈၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ်(BL-3/4)၊ ရတနာလမ်းဟုခေါ်တွင်သော နှစ်ထပ်အဆောက်အဦနှင့် ရေ/မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ဖြစ်သူ[ဒေါ်ခင်စောထွေး-၁၀/မလမ(နိုင်)၀၇၉၈၄၄]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ [ဒေါ်အေးမြင့်-၉/မကန(နိုင်)၀၈၉၈၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**Ph:09-426779993**
**E-5, Sagawar Street/FMI City, Hlaingtharyar.**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၁၃၀၀)၊ ပဒုမ္မာ(၅)လမ်း ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ဧရိယာ(၀.၀၅၅)ကေ (၂၄၀၀) စတုရန်းပေရှိဒေါ်ခင်မြ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက် (၂၀ပေ xပေ၆၀)ဂရန်မိတ္တူခြမ်းမြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဒေါ်မြင့်မြင့်ခိုင်[၁၂/မရက (နိုင်)၁၁၀၉၁၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွှန့်ညွှန့်ရီ [၁၂/ပဇတ(နိုင်)၀၁၅၂၅၆]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၅၁)ရပ်ကွက်၊ အမှတ်(၉၄၆)၊ အကျယ်(၄၀x၆၀)ပါမစ်အမည်ပေါက် ဦးအေးထွန်း ၏ မြေကို စာချုပ်အဆက်အစပ်များနှင့် ဝယ်ယူထားသူ ဦးသိန်းဇော်လင်း[၁၂/ရကန(နိုင်) ၀၁၅၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေလှိုင်[၁၃/သနန(နိုင်)၀၂၈၁၉၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၈၀)၊ မြေကွက် တည်နေရာအမှတ် (၈၀)၊ စပယ်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)ဦးကျော်သန်း(AE-၂၂၅၀၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သန်း (ကွယ်လွန်)သဖြင့် ဒေါ်ခင်မြင့်[၁၂/ အစန(နိုင်)၁၂၈၆၀၂]မှ ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီး၊ မယား တစ်ဦးတစ်ယောက်မှ မရှိပါကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီး အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား မြန်မာ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးကျော်သန်းသေစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာ၊ တိုက်အမှတ်(G -107) မြေညီထပ်(အလျား ၁၂ ၃'/၂ )x(အနံ ၅၅')ရှိ ရေ၊ မီး အစုံအလင်ဖြင့် တိုက်ခန်း(၁)ခန်းကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်အေး [၁၂/လသန(နိုင်)၀၀၃၈၄၂]ထံမှ ဒေါ်သွယ်သွယ်တိုး[၅/မရန(နိုင်)၁၄၈၄၄၉] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သွယ်သွယ်တိုး**
**[၅/မရန(နိုင်)၁၄၈၄၄၉]**
**(K-102)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်။**
**ဖုန်း-၀၉-၂၁၃၁၃၂၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-ညောင်ပင်ကျေးရွာ၊ မြေကွက်အမှတ်(၀ထ-B ၄၉၈)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိသော နော်ဖလော်ရင့်ဒယ်နီ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ဒေါ်ချစ်ချစ်ဇော်[၅/မကန(နိုင်)၀၅၅၄၉၄] မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်)ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသကြိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၅)**
**အမှတ်(၅၆၃)၊ ပထမထပ်၊ အခန်း(၁၀၃/A)၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၂၂၀၁၃၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြိုင်သာယာ၊ မြေကွက်အမှတ်(၆၂၉)၊ မြေကွက်အကျယ် (၄၀ပေx၆၀ပေ)(၂၄၀၀စတုရန်းပေ) အကျယ်အဝန်းရှိ (ဦးထွန်းကြိုင်)/ဒေါ်ရင်ရင်နု [၁၂/တမန(နိုင်)၀၅၈၃၉၈] အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသည့် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ဦးစံရွှေ [၁၂/ကမတ(နိုင်) ၀၄၈၂၂၉]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါကပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **၀၉-၄၂၁၀၈၆၁၆၀** |
| **၀၉-၄၃၀၃၂၁၈၁** | |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၂) လမ်း၊ B အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ် (၉/ဘီ)၊ မြေကွက်အမှတ် (၁၉/ဘီ)၊ မြေဧရိယာ (၀.၄၅၄) ကေအနက်မှ မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း (၅၀ ပေ x ၅၀ ပေ) ရှိ ဦးအောင်ရွှေဦးပိုင်ဆိုင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ညှပ် (၂)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ရွှေဦး [၁၂/ကမတ (နိုင်) ၀၀၅၄၇၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများအားလုံးနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)** |

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၅၇၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၅၄)၊ သုရဿတီလမ်းဟုခေါ်တွင်သော တိုက်အမှတ်(၅၄)၊ Golden Gate အဆောက်အဦ၊ (၂)ခန်းတွဲ(၇)ထပ်တိုက်၏ တိုက်ခန်းအမှတ်(၁၀၂/B) (ပထမထပ်)(၁၆x၅၀)ပေ တိုက်ခန်းကို ဒေါ်Mဂျာခေါ်နီ [၁၃/ကခန (နိုင်)၀၀၄၅၈၂] က အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဇင်ဝေ[၁၁/စတန(နိုင်) ၀၈၁၁၀၆] က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်မြင့် (H.G.P, LL.B)** | **ဒေါ်နှင်းမြခိုင် (LL.B, LL.M )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၃)** |

**အမှတ်(၁၂၆)၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၅၇)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ ဓာတ်လှေကားပါ (၈ထပ်ခွဲ)တိုက်၏ စတုတ္ထထပ်၊ (၅လွှာ/အေ)၊ အကျယ်အဝန်း (၁၉ပေx၆၀ပေ) ရှိ RCတိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များ အားလုံးကို** ဝယ်ယူရန်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးစန္ဒာ[၁၄/မအန(နိုင်)၁၃၃၄၆၃]အား ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်ဋ္ဌေးမွန် [၁၄/မအပ(နိုင်)၁၆၃၇၇၇၀]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃/၀၉-၇၉၃၀၂၇၆၇၇**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၈၈ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၈၈ ဦးတို့အား ဖုန်းမျိုးစုံ အလုံး ၁၈၀၊ All In One ကွန်ပျူတာ ၄၄ လုံး၊ Power Station (အသေး) နှစ်လုံး၊ Crown ကားတစ်စီး၊ Alphard ကား တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦးတို့အား ဖမ်းဆီးရမိစဉ်။

## Myanmar Women's League 2026 -27 Official Partnership Signing Ceremony ကျင်းပပြီး ဝင်ငွေပိုမိုရရှိသဖြင့် ကလပ်အသင်းများအား ပိုမိုထောက်ပံ့ပေးနိုင်မည်

ရန်ကုန် ဇွန် ၁၃

Myanmar Women's League 2026–27 ဘောလုံးရာသီ မစတင်မီ Official Partnership Signing Ceremony ကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး Myanmar Women's League 2026–27 ပြိုင်ပွဲ၏ Official Main Partner အဖြစ် ပံ့ပိုးကူညီပေးသွားမည့် Max Energy မှ Chief Executive Officer ဒေါ်နုနုဝေက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Official Main Partner နှင့် Official Partners များအကြား Partnership Agreement များကို အသီးသီးလက်မှတ်ရေးထိုးခဲ့ကြပြီး တက်ရောက်လာကြသူများ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ Myanmar Women's League 2026–27 ရာသီအတွက်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳



MIU အသင်းနှင့် United City အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Pacific Sun Far နှင့် MIU အသင်း ခြောက်ပွဲဆက် အနိုင်ရ

ရန်ကုန် ဇွန် ၁၃

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ကို ဇွန် ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Pacific Sun Far နှင့် MIU အသင်းတို့ ခြောက်ပွဲဆက် အနိုင်ရရှိပြီး ဇယားထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

## ONE Friday Fights 158 & The Inner Circle 18 ပြိုင်ပွဲတွင် ကျော်စွာဝင်း အနိုင်ရပြီး ထွန်းမင်းအောင် ရှုံးနိမ့်

ရန်ကုန် ဇွန် ၁၃

ONE Friday Fights 158 & The Inner Circle 18 ပြိုင်ပွဲကို ဇွန် ၁၂ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာနှစ်ဦးအနက် ကျော်စွာဝင်း အနိုင်ရပြီး ထွန်းမင်းအောင် အရေးနိမ့်ခဲ့သည်။

ကျော်စွာဝင်းသည် ထိုင်းဖိုက်တာ ဆလာတန်နှင့် ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကျော်စွာဝင်းသည် ယခုနှစ်အတွင်း သုံးပွဲထိုးသတ်ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ဒုတိယမြောက် နိုင်ပွဲရခဲ့ခြင်းလည်းဖြစ်သည်။ ကျော်စွာဝင်းသည် ယခုပွဲအတွက် သေချာပြင်ဆင်ထိုးသတ်ခဲ့ပြီး အမှတ်ရနိုင်မှု ပိုမိုများပြားသဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် ဆလာတန်သည် အခြားကစားသမားများနှင့် ထိုးသတ်ပုံမတူသဖြင့် ကျော်စွာဝင်းအနေဖြင့် ပိုမိုအားထုတ်ခဲ့ရပြီး

စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ✳



ကျော်စွာဝင်းနှင့် ဆလာတန်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ကနေဒါအသင်း သရေတစ်မှတ်သာရရှိအောင်ကစားနိုင်ခဲ့ပြီး အမေရိကန်အသင်း ဂိုးပြတ်အနိုင်ရ

ဇွန် ၁၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(B) အဖွင့်ပွဲစဉ်မှာ ပူးတွဲအိမ်ရှင် ကနေဒါအသင်း သရေတစ်မှတ်သာ ရရှိအောင် ကစားနိုင်ခဲ့ပြီး အမေရိကန်အသင်းကတော့ အုပ်စု(D)အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲနဲ့အတူ အဖွင့်လှခဲ့ပါတယ်။ ကနေဒါအသင်းဟာ ဘော့စနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘော့စနီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ ဂျိုဗိုလူကစ်က သွင်းယူပေးခဲ့ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✪



အမေရိကန် အသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ယနေ့ ဖတ်စရာ

လေယာဉ်လက်မှတ်ခနှုန်းထားများ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် စာမျက်နှာ » ၁၀

မသန်စွမ်းမှုသည် ဟာသမဟုတ်ပါ မသန်စွမ်းသူ၏ လူသားဂုဏ်သိက္ခာကို လေးစားပါ ဆောင်းပါး စာမျက်နှာ » ၁၁